မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ခဲ့ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ်(၂၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်နိုင်ငံ ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးတို့မှ ပြန်လည်ရောက်ရှိလာသော အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၁၀နာရီတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။ **(ဝဲပုံ)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၃ ရက်)

ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်များ ထိန်းသိမ်း

အနာဂတ်နိုင်ငံတော်၏ မျက်နှာစာအသီးသီးတွင် လက်ဆင့်ကမ်း တာဝန်ယူသွားကြမည့် မျိုးဆက်သစ်လူငယ်များအား နိုင်ငံ့သားကောင်း တစ်ဦး၏ အခြေခံအရည်အသွေးပြည့်ဝပြီး ထူးချွန်ထက်မြက်သူများဖြစ်လာရန် ကနဦးပုံဖော်ပေးရန် အလွန်အရေးကြီးပေသည်။

ယနေ့ မျိုးဆက်သစ်လူငယ်များအား စိတ်ဓာတ်၊ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထတို့ကို နိုင်ငံတော်မျှော်မှန်းချက်နှင့်အညီ ဖြစ်ထွန်းလာစေရေးအတွက် ကလေးဘဝအရွယ်ကစပြီး ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားကြရမည် ဖြစ်သည်။

"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူကလေးငယ်များအား ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းနှင့် နိုင်ငံတော်၏တရားဥပဒေကို လေးစားလိုက်နာ ကျင့်ကြံနေထိုင်တတ်သော အလေ့အကျင့်များ ထူထောင်ပေးသွားကြရမည် ဖြစ်သည်။ ယင်း အခြေခံကောင်းများအား ကျောင်းသားကျောင်းသူ လူငယ်များရင်တွင်း၌ ကိန်းအောင်းပြီး နိုင်ငံသားတိုင်း တရားဥပဒေကို လေးစားလိုက်နာကြသည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းလာသည်နှင့်အမျှ အနာဂတ်နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများပါ တစ်ဆက်တည်း ရရှိလာနိုင်မည် ဖြစ်သည်။

ယင်းကဲ့သို့ ပြုစုပျိုးထောင်လာခဲ့သော လူငယ်များသည် လူ့အဖွဲ့အစည်းကို တိုးတက်ကြီးပွားလိုသည့် စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ ဂုဏ်ယူလေးစားပြီး မြတ်နိုးထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း အပြန်အလှန် ချစ်ကြည်လေးစား စာနာထောက်ထားတတ်သည့် စိတ်ဓာတ်များ ငယ်ရွယ်စဉ်ကပင် စိတ်သန္တာန်တွင် ကိန်းအောင်းစွဲဝင်နေမည် ဖြစ်သည်။

ဖွံ့ဖြိုးပြီး နိုင်ငံကြီးများ၏ တိုးတက်အောင်မြင်ရခြင်း အကြောင်းရင်းများအနက် ပညာရှင်လူ့စွမ်းအား အရင်းအမြစ်များ ပိုင်ဆိုင်ထားနိုင်မှုသည် ကြီးမားသောအကြောင်းရင်းအဖြစ် အသိအမှတ်ပြုထားကြသည်။

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုထူထောင်ရာတွင် မျိုးဆက်သစ် လူငယ်လေးများအား အရည်အချင်း ပြည့်ဝသော ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေးအတွက် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ တစ်မျိုးသားလုံး၏မျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ခိုင်မာသည့် အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက် မြင့်မားစွာထားရှိပြီး ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် ယနေ့မျိုးဆက်သစ်လူငယ်တို့အား စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ကောင်းမွန်စေရေး စီမံချက်အရ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က ကြီးမှူး၍ မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စတုတ္ထအကြိမ် ကွန်ပျူတာသင်တန်းကို နိုဝင်ဘာ ၁ရက်တွင် စတင်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် အောက်တိုဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ရွှေမင်းသားဖောင်ဒေးရှင်းရုံးခန်း အခန်း(ဘီ-၁၀၄) အမှတ်(၇၉၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၂၈၂၃၊ ၂၂၉၀၈၇နှင့် ၂၁၅၉၃၉ တို့သို့ လျှောက်ထားနိုင်ကြောင်း၊ ယခုအပတ်စဉ်မှစတင်၍ အခြားမသန်စွမ်းမှု အမျိုးအစားများအပြင် အမြင်အာရုံချို့တဲ့သူများပါ စတင်လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

နာကျင်မှုဝေဒနာ ဆေးကုသမှု နည်းစနစ်များအကြောင်း ဟောပြောပို့ချမည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ နာကျင်မှုဝေဒနာ ဆေးပညာဘာသာရပ်အဖွဲ့မှ ကြီးမှူးကျင်းပမည့် နာကျင်မှုဝေဒနာဆေးကုသမှုခေတ်မီကုထုံးနည်းစနစ်များအကြောင်းကို ဒိန်းမတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပါမောက္ခ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူဆရာဝန်များအားလုံး နံနက် ၈နာရီတွင်မှတ်ပုံတင်၍တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၁၀-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၂၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ "ရွာ" ဟာသဇာတ်လမ်းတွဲ
၆း၅၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၁)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs)
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ Champions League of Boxing, Super Six Middleweight Classic **Carlfroch Vs Andre Dirrell**

မုံရွာ-ဗောဓိတစ်ထောင် မြို့ပတ်ရထားလမ်းဖောက်လုပ်မှု တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် အောက်တိုဘာ ၁၄ ရက်က မုံရွာမြို့နယ် မုံရွာ-ဗောဓိတစ်ထောင် မြို့ပတ်ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်ရှိ မိုးညှင်းသမ္ဗုဒ္ဓေ ဘုရားရုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မုံရွာ-ဗောဓိတစ်ထောင် မီးရထားလမ်းအူကြောင်း မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ နည်းပညာတက္ကသိုလ် ဘုရားနှင့် ဗောဓိတစ်ထောင်ဘုရားရုံများ တည်ဆောက်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်နှင့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၂၀၅ ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါဟိုတယ် ပုလဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးလုပ်ငန်းအဖွဲ့ချုပ်ဟောပြောပွဲ တက်ရောက်နိုင်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ City Mart Supermarket ၏ ပံ့ပိုးကူညီမှုတို့ဖြင့် အောက်တိုဘာ ၂၄ ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ စာရေးဆရာလယ်တွင်းသားစောချစ်က အောင်စိတ်ဖြင့် ထူးချွန်စွာ အောင်မြင်နည်းခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း အမှတ်၁၁/၁၃နေ ရဲမှူးညီညီထွေး-ဒေါ်အေးအေးလွင်တို့၏ သုံးနှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တရုတ်-အာဆီယံ ကုန်စည်ပြပွဲတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် သီရိသုဓမ္မသီဂီဒေါ်တင်နွယ်ဦး(မှန်ချို) ဦးဆောင်သည့် ခုနစ်ဦးပါအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (CAEXPO) သို့ တက်ရောက်ရန် အောက်တိုဘာ ၁၆ရက် နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်သက်ရီနှင့် ဒေါ်နုနုရီတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

*ရွှေဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Bansarn Bunnag၊ စစ်သံမှူး Col. Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုတင်ထွက်ခွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်များဖြစ်ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် အောက်တိုဘာ ၂၁ရက်တွင် ထိုင်းနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

●ရွှေဖုံးမှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး- သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၆)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၉
(သောကြာနေ့)
နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဠာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဘဝပြင်ပါ** တရားတော် ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (အပိုင်း-၂၂)
- ၈:၃၀ Sports World (Nuts)
- ၈:၅၅ China Guangdong
- ၉:၁၀ Activities in the City (အလင်္ကာဝတ်ရည် စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်း၏ လုပ်ဆောင်ချက်များ)
- ၉:၂၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ မင်းသားကြီးမြင့်စိုး)
- ၁၀:၁၀ မှတ်မှတ်ရရ အနုပညာညလေးတစ်ည
- ၁၀:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဆိတ်မြေပဲဟင်းလျာနှင့် ပင်လယ်စာဟင်းရည်)
- ၁၀:၅၀ တရားထူးအမှန်ရစေရန် ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းအခြေခံ
- ၁၁:၁၀ ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာမိတ်ကပ်ခင်စန်းဝင်းနှင့် ပြည်စိုးအောင်တို့၏ ၂၀၁၀ ပွဲတက် ပွဲထွက်ဝတ်စုံများ
- ၁၁:၃၀ **ဒါ ဖောရိန်းမိတ်တဲ့လားဗျာ** ထူးသာ၊ ညီရဲ၊ ဆုပန်ထွာ ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၁၁:၄၅ ရွှင်မြူးသီကြွေးကဗျာတေး အပြိုင်အဆိုင်
- ၁၁:၅၀ မမေ့နိုင်စရာ ရင်မှာစွဲ ဘီတွတ်ရွာရဲ့ နိဗ္ဗာန်ဈေးပွဲ
- ၁၂:၀၅ ဈေးဝယ်လမ်းညွှန် The Best Wedding Gift Promotion
- ၁၂:၂၅ တေးဂီတအစီအစဉ်
- ၁၂:၄၀ ခလေ့ရိုးရာရှမ်းရွာကလေးများ
- ၁:၀၀ **ဘဝပြင်ပါ** တရားတော် ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ World of Knowledge (Interpol Investigates: The Serpent)
- ၃:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း
- ၄:၀၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
- ၄:၂၀ Activities in the City အလင်္ကာဝတ်ရည် စာပေ၊ ဂီတ၊ အနုပညာလုပ်ငန်း၏ လုပ်ဆောင်ချက်များ
- ၄:၄၀ Science Tech Today
- ၄:၅၅ China Guangdong
- ၅:၁၀ VJ Choice
- ၅:၃၅ သူတို့ပြောတဲ့သူတို့အကြောင်း မေခလာ (အပိုင်း-၁)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Thet Su Hair Spa & Wedding Dress)
- ၆:၄၀ ဖက်ရှင်လမ်းညွှန် ဒီဇိုင်နာမိတ်ကပ်ခင်စန်းဝင်းနှင့် ပြည်စိုးအောင်တို့၏ ၂၀၁၀ ပွဲတက် ပွဲထွက်ဝတ်စုံများ
- ၇:၀၀ ဈေးဝယ်လမ်းညွှန် The Best Wedding Gift Promotion
- ၇:၂၀ FMF Selection
- ၇:၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဆိတ်မြေပဲဟင်းလျာနှင့် ပင်လယ်စာဟင်းရည်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၈:၅၅ Science Tech Today
- ၉:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း မေခလာ အပိုင်း(၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ အလှသစ်ဖန်တီးခြင်း (အပိုင်း-၂၂)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၀၀ တရားထူးအမှန်ရစေရန် ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းအခြေခံ
- ၁၂:၁၅ မှတ်မှတ်ရရအနုပညာ ညလေးတစ်ည
- ၁၂:၃၅ ကွန်ရက်ပမာယုက်သွယ်ဖြာ
- ၁၂:၄၅ လှပသစ်ဆန်းအလှပြင်ခန်း (Thet Su Hair Spa & Wedding Dress)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲများကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့သည် တစ်ဖက် နှစ်ဂိုးစီဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းတို့သည် တစ်ဖက် ၁၀ဂိုးစီဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၂ - ၁၀ - ၂၀၀၉

နေပြည်တော်	၀	ဒသမ	၆၃	လက်မ
ပြင်ဦးလွင်	၁	ဒသမ	၃၀	လက်မ
သံတောင်ကြီး	၁	ဒသမ	၁၄	လက်မ
ရမည်းသင်း၊ ဘားအံ	၀	ဒသမ	၇၉	လက်မ

နိုင်ငံတကာ စိုက်ပျိုးရေးဆိုင်ရာပြပွဲ
ဟနွိုင်းမြို့၌ နိုဝင်ဘာလအတွင်း ကျင်းပမည်

ဟနွိုင်း အောက်တိုဘာ ၂၂

နိုင်ငံတကာ စိုက်ပျိုးရေးဆိုင်ရာပြပွဲ ၂၀၀၉ကို ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းမြို့၌ နိုဝင်ဘာ ၁၂ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ဗီယက်နမ် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဟနွိုင်းမြို့တော်ရှိ ကုန်သွယ်မှု မြှင့်တင်ရေးစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီက အောက်တိုဘာ ၂၂ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါပြပွဲသို့ ပြည်တွင်းပြည်ပနိုင်ငံများမှ ကုမ္ပဏီနှင့်စိုက်ပျိုးရေးလုပ်ငန်း ၂၂၀ကျော်တို့ ပါဝင်ပြသမည်ဖြစ်သည်။

ပါဝင်ပြသ

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ခေတ်ပေါ်စက်ကိရိယာများ၊ နည်းပညာများ၊ အသုံးအဆောင်ပစ္စည်းများ၊ နောက်ဆုံးပေါ်နည်းပညာများ ပြသမည့်အပြင် အရည်အသွေးမြင့် စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

ရင်းနှီးမြှုပ်နှံ

ယင်းပြပွဲမှနေ၍ စိုက်ပျိုးရေးလုပ်ငန်းရှင်များ အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

သြစတြေးလျနိုင်ငံ၌ လုံခြုံရေး တင်းကျပ်စွာချထား

ကင်ဘာရာ အောက်တိုဘာ ၂၂

သြစတြေးလျအစိုးရအနေဖြင့် အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသူ ငါးဦးအား ဖမ်းဆီးရမိပြီးနောက်ပိုင်းတွင် လုံခြုံရေး တိုးမြှင့်ထားကြောင်း ကာကွယ်ရေးဌာန အတွင်းဝန်အီယန်ဝပ်က သြစတြေးလျအထက်လွှတ်တော်၌ အောက်တိုဘာ ၂၀ရက်တွင် ပြောကြားသည်။

အသင့်အနေအထား

ရဲတပ်ဖွဲ့နှင့် လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များက ပိုမိုအချိန်ယူကာ ကင်းလှည့်စောင့်ကြပ်လျက်ရှိသည့်အပြင် အကြမ်းဖက်တိုက်ခိုက်မှုများအား အစွမ်းကုန်ကာကွယ်သွားရန် အသင့်အနေအထား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စက်ရုပ်ပြပွဲတွင် ဟွန်ဒါမော်တော်ကားကုမ္ပဏီမှထုတ်လုပ်သည့် လူသားစက်ရုပ် ပြကွက်ကို အောက်တိုဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားသမ္မတ ကမ္ဘောဒီးယားသို့ အလည်အပတ်ရောက်ရှိ
နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ဖနောင်ပင် အောက်တိုဘာ ၂၂

တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ၄င်းနိုင်ငံသို့ အောက်တိုဘာ ၂၂ရက်မှစတင်ကာ ချစ်ကြည်ရေးခရီးအဖြစ် အလည်အပတ်ရောက်ရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြီးအကဲတို့သည် ဘုရင့်နန်းတော်၌ တွေ့ဆုံကာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာတို့ကို သဘောတူလက်မှတ်ရေးထိုးပြီး တစ်ချိန်တည်းပင် တောင်ကိုရီးယားသမ္မတက ဆီအမ်ရိမြို့ရှိ ကမ္ဘာ့အထင်ရှားဆုံးဖြစ်သည့် အန်ကောဝပ်ဘုရားကျောင်းသို့ လာရောက် လည်ပတ်မည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

စစ်သွေးကြွများ၏ အခြေစိုက်စခန်းမြို့ ပါကစ္စတန်တပ်များ သိမ်းပိုက်နိုင်ခဲ့

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၂

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်ရှိ တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်နေသည့် ပါကစ္စတန်တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွများ၏ အဓိက အခြေစိုက်စခန်းသို့ ချဉ်းကပ်ပြီး မြို့တစ်မြို့ကို သိမ်းပိုက်ခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ကြမ်းတမ်း

တောင်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်မှာ ဝေးလံခေါင်သီ၍ လမ်းခရီးကြမ်းတမ်းပြီး တောတောင်ထူထပ်သည့်နေရာ၊ လှိုဏ်မြောင်များဖြင့် ပြည့်နှက်နေသည့်နေရာဖြစ်သဖြင့် စစ်သွေးကြွများ ခိုအောင်းရာ စခန်းများဖြစ်ကြသည်။

ပြောကြား

ယင်းဒေသတွင် အောက်တိုဘာ ၁၇ရက်မှစတင်ပြီး တာလီဘန်စစ်သွေးကြွများအား ထိုးစစ်ဆင်နွှဲပြီးနောက်ပိုင်း စစ်သွေးကြွ ၇၈ဦး သေဆုံးသည်ဟု ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဖလူးဂျာ၌ ပေါက်ကွဲ

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လူ ၆၀ခန့် သေဆုံးသည့်အီရန်ဗုံးခွဲမှု ကုလသမဂ္ဂလုံခြုံရေးကောင်စီရှုတ်ချ

ဂျီနီဗာ အောက်တိုဘာ ၂၂

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံ၏ မေတ္တာရပ်ခံချက်အား အလေးထားလက်ခံပြီး အီရန်တွင်လွန်ခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှုကို ရှုတ်ချပြောကြားလိုက်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူ၆၀ နီးပါး သေဆုံးခဲ့ရပြီး သေဆုံးသူခြောက်ဦးမှာ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ တပ်မှူးများဖြစ်ကြသည်။

တောင်းဆို

ယင်းကိစ္စကို ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီး မိုဟာမက်ခါဇာအီက ယင်းဗုံးဖောက်ခွဲမှုအပေါ် လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးရန် စာဖြင့်ရေးသားတောင်းဆိုခဲ့ပြီး လုံခြုံရေးကောင်စီ၏ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆက်နွှယ်

ဗုံးဖောက်ခွဲသည့်အုပ်စုသည် အမေရိကန်၊ ဗြိတိန်တို့နှင့် ဆက်နွှယ်မှုရှိသည်ဟု တော်လှန်ရေးအစောင့်တပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ အမ်အင်န်အေ၊ ရိုက်တာ

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ရာဂျက်လေဆိပ်မှ ကုန်တင်လေယာဉ်တစ်စင်း ထွက်ခွာပျံသန်းလာပြီး မကြာမီပျက်ကျမှုဖြစ်ပွားရာ ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဖိလစ်ပိုင်တောင်ပိုင်း၌ ဝန်ထမ်းခုနစ်ဦး ပြန်ပေးဆွဲခံရ

ကိုတာဘာတို အောက်တိုဘာ ၂၂

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မတည်မငြိမ် ဖြစ်လျက်ရှိရာဒေသ၌ သေနတ်သမားများက အစိုးရဝန်ထမ်းခုနစ်ဦးအား ပြန်ပေးဆွဲသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြန်ပေးဆွဲ

အဆိုပါဝန်ထမ်းများသည် ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်ဆိုင်ရာဌာနမှ ဖြစ်ပြီး တောင်ပိုင်းဒေသရှိ ဘူတူအန်မြို့ အန်တီကာလာကျေးရွာ၌ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပသည့် နွေရာသီဖက်ရှင်ပြပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် အလှမယ်များကို အောက်တိုဘာ ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

၁၀နှစ်အတွင်း ဘိန်းထုတ်လုပ်မှု အာဖဂန်၌ တန်ချိန် ၆၉၀၀ ရှိကြောင်း ယူအင်န်အိုဒီစီ အစီရင်ခံစာတွင်ဖော်ပြ

ဂျီနီဗာ အောက်တိုဘာ ၂၂

ပြီးခဲ့သည့် ၁၀နှစ်တာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းထုတ်လုပ်မှုမှာ တန်ချိန် ၆၉၀၀ ကျော်ရှိကြောင်း၊ ပြည်ပတပ်ဖွဲ့ဝင်များ အာဖဂန်၌ ရှစ်နှစ်ကြာ တပ်စွဲထားသည့်ကြားမှပင် ဘိန်းစိုက်ပျိုးထုတ်လုပ်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းတိုက်ဖျက်ရေးအဖွဲ့ (ယူအင်န်အိုဒီစီ)က အောက်တိုဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု၏ ၉၀ရာခိုင်နှုန်းကျော်သည် အာဖဂန်မှထွက်ရှိနေခြင်းဖြစ်ကာ ဘိန်းထုတ်လုပ်မှုတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံကျော်ရှိကြောင်း ယူအင်န်အိုဒီစီ၏ သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ပါရှိသည်။

မူးယစ်ဆေးသုံးစွဲသူ

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါများ ကူးစက်ခံစားရနိုင်သည်ဟု သတိပေးထားသည့်ကြားမှပင် နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲသူ ၁၅သန်းခန့်ရှိကာ တစ်သိန်းကျော်မှာ သေဆုံးလျက်ရှိကြောင်း သိရသည်။ *(အင်တာနက်)*

23-10 (04).pmd 1 10/22/2009, 3:17 PM

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရောဝတီတိုင်း ကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့၏ ‘ဥဂ္ဂသေန’ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ယှဉ်ပြိုင်တင်ဆက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဇနီးကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ **‘သားကောင်းရတနာ’** ပြဇာတ်ပြိုင်ပွဲ စတုတ္ထနေ့ ဒုတိယပွဲစဉ်ကို ယမန်နေ့ ည ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဦးကျင်းပရာ မန္တလေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်ဇနီးဒေါ်ဝေဝေခိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးစိုးဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုချစ်မြတ်နိုးကြသော ပြည်သူများ လာရောက် ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

မန္တလေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီမံအုပ်ချုပ်သူ အကယ်ဒမီ မြို့တော်မောင်ယဉ်အောင်၊ ဇာတ်ညွှန်းစာရေးဆရာနှင့် ဒါရိုက်တာ နိုင်ငံတော်ရွှေတံဆိပ်ဆုရှင် ချစ်စရာ၊ စန္ဒရားဦးဝင်းဖေ၊ ဂီတမှူး ထပ်ဆင့်အကယ်ဒမီ စိန်မွတ္တား၊ ဦးဗိုလ်နိုင်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသား စိုးမိုးအောင်၊ ခေါင်းဆောင်မင်းသမီး စုနန္ဒာကျော်နှင့် ဇာတ်ပို့ဇာတ်ရံများက သရုပ်ဆောင်စရိုက် ပီပြင်စွာဖြင့် ပြဇာတ်ပညာကို ရသမြောက်စွာ ယှဉ်ပြိုင်တင်ဆက်ကြသည်။

(သတင်းစဉ်)

ရောဝတီတိုင်း ကိုယ်စားပြု ဥဂ္ဂသေန ဇာတ်တော်ကြီးအဖွဲ့ စတင်ယှဉ်ပြိုင်

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဦးကျင်းပရာ ဓမ္မပဒဇာတ်တော်ဝင် ‘ဥဂ္ဂသေန’ဇာတ်တော်ကြီးကို ရောဝတီတိုင်းကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့က စတင်ယှဉ်ပြိုင်ကပြတင်ဆက်သည်။

ကြည့်ရှုအားပေး

ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ထွေးဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ဇာတ်သဘင်ပညာကို မြတ်နိုးလေးစားတန်ဖိုးထားကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ရောဝတီတိုင်း ကိုယ်စားပြု ဇာတ်တော်ကြီးအဖွဲ့တွင် စီစဉ်ကြီးကြပ်သူနှင့် ဇာတ်ညွှန်း ဦးကိုကိုကြီး (ဟသ်ာတ), ဒါရိုက်တာ ဦးသန်းဝင်း(ဟသ်ာတ)၊ ဥဂ္ဂသေနမင်းသားအဖြစ် ဦးစဆန်းကို၊ ယုဇနမင်းသမီးအဖြစ် ဒေါ်ခင်ထွေးကြည်နှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ထားကြပြီး ဝိုင်းတော်တီး ရောဝတီလှိုင်မင်းဆိုင်းအဖွဲ့က ပံ့ပိုး တီးမှုတ်ပေးကာ ‘ဥဂ္ဂသေန’ဇာတ်တော်ကြီး၏ အနှစ်သာရဖြစ်သည့် ပညာလို အိုသည်မရှိ၊ ဖွဲ၊ လုံ့လ၊ ဝီရိယဟူသည် အချိန်အခါမရွေး၊ အရွယ်မရွေး ကျင့်သုံးအပ်သည့် အရာဖြစ်ခြင်း၊ လောက၌ အရာအားလုံးတို့၏ မမြဲခြင်းသဘောတရားတို့ကို သိရှိနားလည်စေခြင်း၊ တဏှာနွံအတွင်းမှ လွတ်ကင်းအောင်ရုန်းထွက်နိုင်စေခြင်းစသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များကို ဖော်ကျူးလျက် ပြကွက်ပေါင်း ၁၆ ကွက်တို့ဖြင့် မြန်မာ့ဇာတ်သဘင်ပညာကို မြတ်နိုးလေးစားဂုဏ်ယူဖွယ်ဖြစ်အောင် ယှဉ်ပြိုင် ကပြတင်ဆက်သွားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နှလုံးရောဂါနှင့် လည်ပင်းကြီးရောဂါကာကွယ်နိုင်သည့် ပင်လယ်ဟင်းသီးဟင်းရွက်များ

လူခန္ဓာကိုယ်တွင်း လည်ပတ်နေသော သွေးတွင်တွေ့ရတတ်သည့် သတ္တုဓာတ်အားလုံးလိုလို ပင်လယ်ဟင်းသီးဟင်းရွက်များတွင် ပါဝင်သဖြင့် ကျန်းမာရေးအတွက် ယင်းတို့ကို သုံးသုံးငါငါစားသုံးလိုသည်မှာ အဆန်းမဟုတ်ပါပေ။

ပင်လယ်ဟင်းသီးဟင်းရွက်များတွင် အိုင်အိုဒင်းနှင့် ဗီတာမင် အေ၊ မဂ္ဂနီဆီယမ်၊ ကယ်လ်ဆီယမ်နှင့် သံဓာတ်များပါဝင်မည်။ ပင်လယ်ဟင်းသီးဟင်းရွက်များတွင် ကင်ဆာရောဂါကာကွယ်ပေးနိုင်သည့် ဓာတ်သတ္တုများလည်း ရှိသည်ဆို၏။

ပင်လယ်ဟင်းသီးဟင်းရွက်များ အထူးသဖြင့် ပင်လယ်ရေမှော်သည် သဘာဝအလျောက် အိုင်အိုဒင်းဓာတ် အများဆုံးကြွယ်ဝသည့် အစားအစာဖြစ်သည်။ အိုင်အိုဒင်းဓာတ် ချို့တဲ့သူများအနေဖြင့် လည်ပင်းကြီးရောဂါစွဲတတ်သည်။ လည်ပင်းကြီးရောဂါဝေဒနာရှင် ကမ္ဘာ့တစ်ဝန်း၌ သန်း ၂၀၀ရှိသည်ဟု ခန့်မှန်းထားသည်။

ပင်လယ်ဟင်းသီးဟင်းရွက်များသည် နှလုံးရောဂါတိုက်ဖျက်ရေးနှင့် သွေးပေါင်ချိန် လျှော့ချရေးတို့တွင် များစွာအားထားရသော အစာများဖြစ်သည်။ ။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ပါကစ္စတန်ရှိ ရိက္ခာဖြန့်ဖြူးရေးစခန်းများ လုံခြုံရေးအခြေအနေအရ ပိတ်ထားရ

ပါကစ္စတန်နိုင်ငံတွင် ဆူပူသောင်းကျန်းမှုများ တိုး၍ဖြစ်ပွားနေချိန်၌ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က လုံခြုံရေးအခြေအနေအရ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ယင်း၏ရိက္ခာဖြန့်ဖြူးရေးစခန်းများကို ပိတ်ထားလိုက်ရကြောင်းဖြင့် အစ္စလမ္မာဘတ်မြို့ရှိ ဒဗလျူအက်ဖ်ပီရုံး ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက အောက်တိုဘာ ၂၁ရက်က ပြောကြားသည်။

တောင်ကိုရီးယား ရေနံကော်ပိုရေးရှင်း ဟားဗက်စွမ်းအင်ကုမ္ပဏီကို ဝယ်ယူ

တောင်ကိုရီးယားအစိုးရပိုင် ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း(ကေအင်အိုစီ)က ကနေဒါနိုင်ငံ၏ ဟားဗက်စွမ်းအင်ကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၃ဒသမ ၉၅ဘီလီယံဖြင့် ဝယ်ယူလိုက်ကြောင်း တောင်ကိုရီးယားအစိုးရက အောက်တိုဘာ ၂၂ရက်တွင် ကြေညာသည်။

တရုတ်ပြည်အနောက်တောင်ပိုင်း ယူနန်၌ ယာဉ်တိုက်မှု တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် အောက်တိုဘာ ၂၁ရက် ညနေက ရဲကားတစ်စီးနှင့် မော်တော်ယာဉ်လေးစီးတို့ တိုက်မိရာက မူလတန်းကျောင်းသူလေးတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ယူနန်ပြည်နယ် အရာရှိများက ပြောကြားသည်။

အီဂျစ်လေယာဉ်အပိုင်စီးမှု လုံခြုံရေးတပ်ဖွဲ့ဝင်များ ဟန့်တားဖြိုခွင်းနိုင်

အီဂျစ်လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များသည် အစ္စတန်ဘူလ်မြို့မှ ကိုင်ရိုမြို့သို့ ပျံသန်းနေသည့် အီဂျစ်လေယာဉ်တစ်စင်း ပြန်ပေးဆွဲအပိုင်စီးမှုကို ဟန့်တားဖြိုခွင်းလိုက်နိုင်ကြောင်း ပင်အာရပ်အယ်ဂျာဇီးရား ရုပ်မြင်သံကြားအစီအစဉ်က ကြေညာသည်။ ဆူဒန်နိုင်ငံသားတစ်ဦးက လေယာဉ်အမှုထမ်းများကို ဓားဖြင့်ခြိမ်းခြောက်ပြီး လမ်းလွဲမောင်းစေခိုင်းခဲ့ကာ ပြန်ပေးဆွဲနေစဉ် လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များက ဟန့်တားလိုက်နိုင်ခြင်းဖြစ်သည်ဟု သိရသည်။ ***(အောက်ပုံ)***

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ လမ်းဘေးဗုံးကွဲမှု ရုပ်သံသတင်းထောက်သေဆုံးပြီး တစ်ဦးဒဏ်ရာရ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်ဂြိုဟ်တုရုပ်မြင်သံကြားလိုင်းမှ ဓာတ်ပုံသတင်းထောက် အိုဟာန်ဟစ်ဂျရန်သေဆုံးပြီး အယ်လ်ဘာဒါဒီယေ ရုပ်သံလိုင်းမှ သတင်းစာဆရာ မိုဟာမက်အဇ္ဇဒူလာဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သည့် အီရတ်စစ်ပွဲစတင်ကတည်းက သတင်းစာဆရာမီဒီယာသမား ၂၇၀ သေဆုံးခဲ့ပြီးဖြစ်သည်။

ဆိုမာလီယာနိုင်ငံ မြို့တော်၌ တိုက်ပွဲဖြစ်ပွား လူ ၃၀ထက်မနည်း သေဆုံးကြရ

ဆိုမာလီယာနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးတွင် အစ္စလာမ္မစ်သူပုန်များအပါအဝင် ဆိုမာလီအစိုးရတပ်ဖွဲ့နှင့် အာဖရိကသမဂ္ဂ(အေယူ)ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များကြား တိုက်ခိုက်မှုဖြစ်ပွားရာ လူ ၃၀ထက်မနည်း သေဆုံးသွားကြောင်း ဒေသခံဆေးဝန်ထမ်းများက ပြောကြားသည်။

ပြင်သစ်နှင့် ကူဝိတ် ကာကွယ်ရေးသဘောတူစာချုပ်

ပြင်သစ်နှင့် ကူဝိတ်နိုင်ငံတို့သည် နှစ်နိုင်ငံစစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ပြုလုပ်နိုင်ရန် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ပါရီမြို့၌ အောက်တိုဘာ ၂၁ရက်က လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ကြသည်။

ဆူဒန်ကုန်တင်လေယာဉ်ပျက်ကျ လေယာဉ်အမှုထမ်း ခြောက်ဦးသေဆုံး

ဆူဒန်နိုင်ငံမှ ကုန်တင်လေယာဉ်တစ်စင်းသည် အောက်တိုဘာ ၂၁ရက်တွင် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး) ရှာဂျာလေဆိပ်မှ ပျံသန်းထွက်ခွာပြီးနောက် မကြာမီတွင် ပျက်ကျခဲ့ကြောင်း၊ လေယာဉ်အမှုထမ်း ခြောက်ဦးစလုံးသေဆုံးခဲ့ကြောင်း သိရသည်။ ဆူဒန်နိုင်ငံ ခါတွမ်မြို့ရှိ အဇာလေကြောင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ လက်ထောက်မန်နေဂျာ အာမက်ဂျက်စင်က ယင်းလေယာဉ်သည် ဆူဒန်လေကြောင်းလိုင်းမှ ငှားရမ်းထားသော လေယာဉ်ဖြစ်ကြောင်း သိရသည်။

ဆိုမာလီပြည်သူ ၃ဒသမ ၆သန်းအတွက် လူသားချင်းစာနာထောက်ထားရေး ရန်ပုံငွေလိုအပ်

ဆိုမာလီယာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီရန်ပုံငွေများ ဖြတ်တောက်တော့မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် ဆိုမာလီရှိ ပြည်သူ ၃ဒသမ ၆သန်းခန့်အတွက် လူသားအချင်းချင်း စာနာထောက်ထားသည့် ရန်ပုံငွေလိုအပ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ကြေညာသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ **Guangxi People's Great Hall** ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၀ရက် နံနက် ၁၁နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Guangxi People's Great Hall ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် တရုတ်- အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (The 6th China-ASEAN Business & Investment Summit)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr. Li Keqiang၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Prospero C. Nograles၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပထမ ဒုတိယဝန်ကြီးချုပ် H.E.Mr. Nguyen Sinh Hung၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင် ပစ်ဆူဝမ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆဋ္ဌမအကြိမ် တရုတ် - အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေးတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ကောင်စီဥက္ကဋ္ဌ Mr. Wan Jifei က အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး Mr. Guo Sheng Kun က အမှာစကားပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းက မိန့်ခွန်း ပြောကြားသည်။

မိန့်ခွန်းပြောကြား

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်း ကော်မတီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ် H.E.Mr. Li Keqiang က မိန့်ခွန်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ **Guangxi People's Great Hall** ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်း အဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ မိုးအနည်းငယ် ဆက်လက်ရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

အောက်တိုဘာ ၂၃ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၂၃-၁၀-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်း သာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂဇယမင်္ဂလံ(ယဉ်ဝေထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ**
- ၈:၁၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၂၀ ၉။ အကျိုးပြုအားမာန် ဆည်ရေလှောင်တမံ
- ၈:၂၅ ၁၀။ တေးဂီတအစီအစဉ်
- ၈:၃၅ ၁၁။ International News
- ၈:၄၅ ၁၂။ Connect with English (Episode-23) (The Retirement Party)
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ Myanmar National League MNL- 2009 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ဒယ်လ်တာယူနိုက်တက်အသင်းနှင့်ဇေယျာရွှေမြေအသင်း)
- ၄:၅၀ ၂။ နှောင်းခေတ်တေးပဒေသာ
- ၅:၀၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၄။ **အိမ်တွင်းပုန်းများ မကြည့်ရ** နေတိုး၊ သက်မွန်မြင့်၊ (ဒါရိုက်တာ -ဇာဏီထက်လင်း)
- ၅:၁၅ ၅။ သက်တံရောင်သံစဉ်
- ၅:၃၀ ၆။ ပဉ္စလက်ကျောင်းတော်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၆)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ**
- ၁၆။ သီချင်းချစ်သူ ထွန်းထွန်း (Examplez)
- ၁၇။ အစီအစဉ်ပြီး၏။

စံပြလေ့ကျင့်ရေး အလယ်တန်းကျောင်း ဒုတိယအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

စံပြလေ့ကျင့်ရေး အလယ်တန်းကျောင်း အလက(၁)ရန်ကင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူးပေါင်းပါဝင် ကူညီနိုင်ရန်နှင့် အလှူငွေများကို အောက်တိုဘာ ၂၄ရက်၊ ၃၁ရက်၊ နိုဝင်ဘာ ၇ရက်နှင့် အာစရိယပူဇော်ပွဲကျင်းပမည့် နိုဝင်ဘာ ၁၁ရက်များတွင် ကျောင်း၌ မွန်းလွဲ၂နာရီမှ ညနေ၅နာရီအတွင်း အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ပညာရေး)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၁၉ရက် ညနေ ၅နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ကျင်းပမည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre၌ ကျင်းပမည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြိုဆို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် Nanning International Convention & Exhibition Centre သို့ ရောက်ရှိကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်လွင်၊ ဦးဇော်မင်းဝင်း၊ ဦးထွန်းအေးနှင့်တာဝန်ရှိသူများ၊ ကုန်စည်ပြပွဲဖြစ်မြောက်ရေးကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မြေညီထပ်ရှိ မြန်မာနိုင်ငံအမျိုးသားပြခန်းတွင် ဆောက်လုပ်ပြသထားသည့် မူဆယ်မြို့ (၁၀၅)မိုင် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဇုန်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးအားပေးရာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများက ပြခန်းခင်းကျင်းပြသထားမှုကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယထပ်ရှိ မြန်မာကုန်စည်ပြခန်းသို့ရောက်ရှိပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း စသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ မြောင်းမြ၊ ပြည်၊ မန္တလေး၊ မော်လမြိုင်၊ ကလေး၊ မုံရွာ၊ မိတ္ထီလာ၊ ရေနံချောင်း၊ ပုသိမ်၊ မြိတ်၊ ပျဉ်းမပင်နှင့်ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန်တို့မှ လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်း၊ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သစ်အချောထည်ပစ္စည်း၊ လက်ဝတ်ရတနာနှင့် မြန်မာမှုလက်ရာ ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ ကုန်စည်ပြခန်းများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning International Convention & Exhibition Centre ၌ ကျင်းပမည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

အောင်လံမြို့ ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

အောင်လံမြို့ အထက(၁)ကျောင်းသားကျောင်းသူဟောင်းများ၏ (၄၅)ကြိမ်မြောက် အသက်(၆၀) အငြိမ်းစား ဆရာဆရာမကြီးများအား အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၈ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက(၁) အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက အလှူငွေများကို ဦးမောင်ငြိမ်း ဖုန်း-၀၆၉-၂၁၂၈၃၊ ဦးမောင်မောင်ညွန့်(ကြေး) ဖုန်း-၀၁-၅၅၅၈၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

The Live News ဂျာနယ် အမှတ်(၁၅၂) ထုတ်ဝေဖြန့်ချီ

ရန်ကုန် အောက်တိုဘာ ၂၂

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၅၂)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ အဂါရဝဖြစ် မဖြစ်၊ မြင်းမူမောင်နိုင်မိုး၏ အမေ့နားကပ်ကလေး၊ နီမင်းဆွေ၏ မြေခွေးနဲ့ခြင်္သေ့၊ ကိုကိုလှိုင်၏ လူသန်းတစ်ထောင် ငတ်မွတ်ဆာလောင်နေတဲ့ ကမ္ဘာ၊ မောင်မြတ်မွန် (ဆူးလေ)၏ St.John's Catholic (Church) Cantoment၊ အောင်လျှမ်းဝေ၏ တက္ကသိုလ်လာဆိပ်ကြီးမှာ(၃)၊ ကြိုင်လျှမ်း၏ ပင်လယ်ပျော် သင်္ဘောသား အင်္ဂလိပ်စကား(၂၂)၊ တက္ကသိုလ်မောင်သုလှိုင်၏ ပုဂံမင်းဆက်များ ရာဇဝင်(၃)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့တောင်ဖျားက သြစတြေးလျသို့ အလည်တစ်ခေါက် အပိုင်း(၉)၊ မမ၏ မင်္ဂလာရှိသော အချိန်လေးဖြစ်ပါစေ၊ အာရှမိုး၏ အိုဘားမားရဲ့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုအပေါ် ဝေဖန်သုံးသပ်ချက်များ၊ လူပန်းအိမ်၏ ရုရှားသမ္မတမက်ဗီဒက်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ မြောက်ကိုရီးယား ချူကလီးယားကိစ္စ ခြောက်နိုင်ငံဆွေးနွေးပွဲများ မကြာခင်ပြန်လည် စတင်ဖွယ်ရှိ၊ အီရန်နိုင်ငံနှင့် ဆွေးနွေးရန် အမေရိကန်အား အနောက်အုပ်စုက တိုက်တွန်းလာ၊ သူများခိုင်းတိုင်း မလုပ်ဘူးဆိုတဲ့ ဗြိတိန်အတိုက်အခံခေါင်းဆောင် ဒေးဗစ်ကင်မရွန်း၊ ရှုပဗေဒဆိုင်ရာနိုဘယ်လ်ဆုရရှိသူ အတိတ်မေ့လျော့သော ရောဂါရှိ၊ ပြန်လည်ထကြွလှုပ်ရှားလာတဲ့ အရှေ့အာရှ ရေပြင်တစ်လွှားက ပင်လယ်ဓားပြများ၊ အရပ် ၃ပေ ၅လက်မနဲ့ နပန်းချန်ပီယံဖြစ်လာခဲ့သူ၊ ကမ္ဘာ့ငွေကြေးလဲလှယ်နှုန်း၊ ကမ္ဘာ့ရွှေဈေး မြန်မာ့ရွှေဈေး၊ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်၊ ပူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ရဲ့ ကော်ဇောနီပေါ်က ကိုရီးယားအနုပညာရှင်များစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

မှာယူဖတ်ရှုနိုင်

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ်၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ်၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၁၁၀) အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၅၊ ၂၁၅၀၈၁နှင့် MARKET CARE (Distribution Service) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၃၃၊ ၀၉-၅၀-၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံအကြားနားလည်စွာဖြင့် နိုင်ငံတကာနိုင်ငံရေးနယ်ပယ်တွင် အပြန်အလှန်အထောက်အကူပြုနေ ညှိနှိုင်းထားသောစီမံကိန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး နှစ်နိုင်ငံပူးပေါင်းကြိုးပမ်းသွားမည်

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး နက်ရှိုင်းကျယ်ပြန့်သော ဆက်ဆံရေးများရှိ မြန်မာ့ပြည်တွင်းရေးကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများသာ ဖန်တီးတည်ဆောက်နိုင်မည်ယုံကြည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့[...]
ရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်[...]
နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်[...]
အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqi[...]
သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေး[...]
International Conference Centre ၌ ရ[...]

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang တို့သည် အောက်တိုဘာ၁၉ရက် ညနေ၄နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ် International Conference Centre ၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီးဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Chen De Ming၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Wu Dawei၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Gao Hu Cheng၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီ အတွင်းရေးမှူး Mr. Guo Shengkun၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ပြောကြားရာ၌ အဆွေတော်နှင့်တကွ တရုတ်ခေါင်းဆောင်များအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို မအားမလပ်ထမ်းဆောင်နေရသည့်ကြားက ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ယခုကဲ့သို့ တခမ်းတနားကျင်းပပေးခဲ့သည့်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအား ဖိတ်ကြားခဲ့ခြင်းအတွက်လည်းကောင်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နှုတ်ခွန်းဆက်သ

ရှေးဦးစွာ အဆွေတော်အပါအဝင် တရုတ်ခေါင်းဆောင်ကြီးများအား မြန်မာနိုင်ငံခေါင်းဆောင်ကြီးများဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်တို့က နှုတ်ခွန်းဆက်သလိုက်ပါကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့ကြပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ထူထောင်မှုသည် လာမည့်နှစ်တွင် နှစ်ပေါင်း(၆၀)ပြည့်မှာ ဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှု

ယခုကျင်းပမည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းလာစေရန် လက်တွေ့ကျကျ ဆောင်ရွက်မှုပင်ဖြစ်ကြောင်း။

မိမိဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းဒေသသို့ လာရောက်ရ၍ များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဤသို့လာရောက်ရခြင်းအတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် လည်ပတ်မှုများနှင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ နှစ်ဖက်ပြည်သူများ၏ အပြန်အလှန် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းခဲ့ပါကြောင်း။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ စက်မှု၊ သတ္တုရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုများမှာ အောင်မြင်မှုများရရှိနေ၍ အားတက်ဖွယ်ဖြစ်ပါကြောင်း၊ အထက်ပါကဏ္ဍများမှ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည် ပေါ်လာနိုင်ရေးအတွက်လည်း နှစ်နိုင်ငံပူးပေါင်း၍ လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

ထပ်မံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ညှိနှိုင်းထားရှိသော စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက်လည်း နှစ်နိုင်ငံ ပူးပေါင်းကြိုးပမ်းသွားကြမည်ဖြစ်ပါကြောင်း။

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှ[...] နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqia[...] သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ် International Conference Centre ၌ တွေ့[...]

အထောက်အကူပြု

နှစ်နိုင်ငံ အပြန်အလှန်နားလည်မှုရှိစွာဖြင့် နိုင်ငံတကာ နိုင်ငံရေးနယ်ပယ်တွင်လည်း အပြန်အလှန် အထောက်အကူပြုလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံ စီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E. Mr.Li Keqiang ကပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာဟူကျင်တောင်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်တကွ မြန်မာနိုင်ငံ ခေါင်းဆောင်များကို နှုတ်ခွန်းဆက်သလိုက်ပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ကျေးဇူးတင်ရှိ

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စတင်တည်ထောင် ဖွဲ့စည်းခဲ့သော နှစ်ပေါင်း(၆၀)အတွင်း အောင်မြင်မှုများကို မြန်မာနိုင်ငံက ချီးကျူးစကား ပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး နက်ရှိုင်းကျယ်ပြန့်သော ဆက်ဆံရေးများရှိပါကြောင်း၊ နှစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ် တိုးတက်နေမည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

ဖန်တီးတည်ဆောက်

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို လေးစားပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မြန်မာနိုင်ငံအစိုးရနှင့်

မြန်မာပြည်သူများသာ ဖန်တီးတည်ဆောက်နိုင်မည်[...]
နိုင်ငံသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို အလေး[...]
နိုင်ငံတစ်နိုင်ငံဖြစ်ပါ၍ နက်ရှိုင်းသောနှစ်နိုင်ငံဆွေ[...]
ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားမည်ဖြစ်[...]

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ဆက်လ[...]
တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမြဲတစေ အပြန်အလှန် အ[...]
ကြောင်း။

အကူအညီ

မြန်မာပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှု[...]
လုပ်ငန်းများဆောင်ရွက်နေခြင်းကိုလည်း တရုတ်[...]
သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ[...]
စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီ[...]
မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမှ အဆိုပြုထားသော စီမံကိန်းများ[...]
ကို သက်ဆိုင်ရာဌာနများအနေဖြင့် အသေးစိတ်[...]
ကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို အမြန်ဆ[...]
ရမည်ဖြစ်ပါကြောင်း။

ကူညီစောင့်ရှောက်

မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသ[...]
အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအစိုးရက[...]
အားပေးကူညီစောင့်ရှောက်ပေးသည့်အတွက် ကျေ[...]

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့်[...]
အစိုးရတို့အကြားချုပ်ဆိုမည့် နှစ်နိုင်ငံစီးပွားရေးနှင့်[...]
နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာ[...]
အကောင်အထည်ဖော် ဆောင်ရွက်သွားလိုကြောင်[...]
၅နာရီ ၂၅မိနစ်တွင် တွေ့ဆုံဆွေးနွေးပွဲကို ရုပ်[...]

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့ သမ္မတနိုင်ငံဗဟိုအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးအထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁၉ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ် International Conference Centre ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအမြဲ တမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Prospero C. Nograles ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပထမဒုတိယ ဝန်ကြီးချုပ် H.E.Mr. Nguyen Sinh Hung၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများနှင့် နိုင်ငံအသီးသီးတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ကျင်းပမည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် အောက်တိုဘာ ၁၉ရက် နံနက် ၉နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံးမှ ညွှန်ကြားရေးမှူး Mr.Tang Chong Guang တို့သည် လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင် Mr. Wen Ka Hua နှင့် နိုင်ငံခြားရေးရုံး ဒုတိယအကြီးအကဲ Mr. Zhu Shu Hua တို့က လေယာဉ်လှေကားထိပ်မှ ကြိုဆို နှုတ်ဆက်ကြသည်။

အထိမ်းအမှတ်လက်ဆောင်

ယင်းနောက် ကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်ကြပြီး ကွမ်ရှီးဒေသခံ အမျိုးသမီးတစ်ဦးက ရိုးရာယဉ်ကျေးမှု အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ဂုဏ်ပြုကြိုဆို

ထို့အပြင် အတွင်းရေးမှူး(၁)အား ဒေသခံတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ကလည်း ရိုးရာယဉ်ကျေးမှု အကများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ထွက်ခွာ

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးမော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ခေတ္တတည်းခိုမည့် Liyuan Resort သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်း ကော်မတီဝင် **Mr. Wen Ka Hua** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ် International Conference Centre ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

...တွေ့ဆုံဆွေးနွေး

...တွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတ ...ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E.Mr.Li Keqiang တို့ တရုတ်ပြည်သူ့ ...လီယွမ် International Conference Centre ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာပြည်သူများသာ ဖန်တီးတည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို အလေးထားသည့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပါ၍ နက်ရှိုင်းသောနှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားမည်ဖြစ်ပါကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်နေခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမြဲတစေ အပြန်အလှန် အထောက်အကူပြုသွားမှာဖြစ်ပါကြောင်း။

အကူအညီ

မြန်မာပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံ့အကျိုးစီးပွားဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေခြင်းကိုလည်း တရုတ်နိုင်ငံက အစဉ်အမြဲထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ဆက်လက်ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံမှ အဆိုပြုထားသော စီမံကိန်းများအား မည်သို့ပံ့ပိုးကူညီနိုင်မည်ကို သက်ဆိုင်ရာဌာနများအနေဖြင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း။

ကူညီစောင့်ရှောက်

မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအစိုးရက တရုတ်ကုမ္ပဏီများအပေါ် အားပေးကူညီစောင့်ရှောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြားချုပ်ဆိုမည့် နှစ်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်ရေး ကျယ်ပြန့်စွာနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အား အမြန်ဆုံးပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားပြီး ညနေ ၅နာရီ ၂၅မိနစ်တွင် တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၂

TV Guide အတွဲ ၁၊ အမှတ် ၁၆ကို အောက်တိုဘာ ၂၃ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

ချန်ပီယံဖြစ်ဖို့အရေးပါသည့် မန်ယူနှင့် လီဗာပူးပွဲစဉ်အကြောင်း မျက်နှာဖုံးနှင့်အတူ TV Guide စာစောင်၌ ESPN နှင့် STAR SPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ချယ်လ်ဆီး၊ ဘလက်ဘန်း၊ တော့တင်ဟမ်နှင့် စတုတ်စီးတီး၊ မန်စီးတီးနှင့် ဖူလ်ဟမ်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ၊ KREMLIM CUP ပွဲအကြောင်း၊ Channel V ရုပ်သံလိုင်းတွင် ထုတ်လွှင့်မည့် ဟောင်ကောင်အဆိုတော်မလေး Gigi Leung အကြောင်း၊ MTV တွင်ပြသမည့် James Morrison အကြောင်း၊ Travel & Living ရုပ်သံလိုင်းတွင်ပြသမည့် Bali ကျွန်းအကြောင်း၊ Discovery ရုပ်သံလိုင်းတွင် ပြသမည့် နှစ်ပေါင်း ၁၄၀၀ကျော်က Hanging ဘုန်းကြီးကျောင်းအကြောင်း၊ Mandalay FM တွင် တိုက်ရိုက်ထုတ်လွှင့်နေသည့် ပရီမီယာဘောလုံးပွဲစဉ်များအကြောင်း၊ MRTV-4 တွင်ပြသမည့် FMF အပိုင်း-၅၏ Yuzana Birdal Show (1) အကြောင်းနှင့် တစ်ခေတ်တစ်ခါက ပလေးဘွိုင်းသန်းနိုင်အလှည့်ရောက်လာသည့် ခေတ်ပြိုင် ဂီတမှတ်တိုင်များအပါအဝင် ရုပ်သံလိုင်း ၁၇လိုင်းနှင့် လေလှိုင်းတစ်ခုတို့၏ တစ်ပတ်စာအစီအစဉ် အသေးစိတ်၊ လက်မလွှတ်တမ်း ကြည့်သင့်သော အစီအစဉ်များအကြောင်း Highlight များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ် စတင်တင်ဆက်နေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွှတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန် ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ညှိနှိုင်းစည်းဝေး

မင်းတပ် အောက်တိုဘာ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ လက်ထောက် ညွှန်ကြားရေးမှူးဦးချစ်မောင်နှင့် ချင်းပြည်နယ် လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းခင်တို့သည် အောက်တိုဘာ၁၅ရက်က ချင်းပြည်နယ် မင်းတပ်ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ မင်းတပ်ခရိုင် ဦးစီးအရာရှိနှင့် ရုံးဝန်ထမ်းများ၊ မတူပီ၊ ကန်ပက်လက်၊ ရေဇွာမြို့နယ်တို့မှ မြို့နယ် ဦးစီးမှူးများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာငှားကတ်စနစ်ဖြင့် မြို့နယ်ရုံးများနှင့် ကျေးရွာစာကြည့်တိုက်များပါ ဆောင်ရွက်ရေး၊ အဆောက်အအုံမရှိသေးသည့် ကျေးရွာများတွင် အဆောက်အအုံအမြန်ဖြစ်ရေး၊ စံ(၅)ချက်နှင့်အညီဖြစ်ပေါ်ရေး၊ ရုံးလုပ်ငန်းစနစ်တကျအောင်မြင်အောင် ဝိုင်းဝန်း၍ ကြိုးပမ်းဆောင်ရွက်ရေး ကိစ္စရပ်များ လမ်းညွှန်မှာကြားဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက ခရိုင်အတွင်း ဆောင်ရွက်ပြီးစီးမှုများကိုရှင်းလင်းပြီး မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းခင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

(ခရိုင် ပြန်/ဆက်)

■ *ကျောဖုံးမှ*

တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အပါအဝင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao က ပဏာမကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chen Deming တို့က အမှာစကားပြောကြားကြသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ တရုတ်-အာဆီယံ ကုန်စည်ပြပွဲများကျင်းပခဲ့သည့် မှတ်တမ်းများကို ဗီဒီယိုဖြင့် ကောက်နုတ်ပြသသည်။

တက်ရောက်နေရာယူ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် ဖွင့်ပွဲကျင်းပရန်အတွက် စင်မြင့်ပေါ်သို့ တက်ရောက်နေရာယူကြသည်။

စတင်ဖွင့်လှစ်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E. Mr. Li Keqiang က ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို စတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ပန်းမိုးရွာ

ထို့နောက် အတွင်းရေးမှူး(၁)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က ပန်းထည့်ဗန်းများအား စက်ဝိုင်းပုံသဏ္ဌာန်လှည့်၍ ပန်းများကို ကြဲပက်ကာ ပန်းမိုးရွာပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပဉ္စမနေ့ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်ခင်လေးစားတန်ဖိုးထားကြသောပြည်သူများ အားပေးကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၂

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပဉ္စမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောသုတေသန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမ၊ နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

အားပေးကြည့်ရှု

အဆိုပါပြိုင်ပွဲများသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်ခင်လေးစားတန်ဖိုးထားကြသော ပြည်သူများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

မဟာဂီတ

အဆိုပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မဟာဂီတအဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတ အဆို အကဲဖြတ်အဖွဲ့ ခေါင်းဆောင်ဒေါ်သင်းသင်းမြတ်နှင့်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'မြိုင်ခြေစုံသာ'**(ပတ်ပျိုး) သီချင်းဖြင့် ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ရန်ကုန်တိုင်းမှ မသီရိစုဝေနှင့် မယဉ်မွန်၊ စစ်ကိုင်းတိုင်းမှ မနှင်းနှင်းအောင်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ရခိုင်ပြည်နယ်မှ မနှင်းနန္ဒာအေး၊ မန္တလေးတိုင်းမှ မမြတ်ပွင့်ဖြူနှင့် မခင်သီတာမြိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲ အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် **'မှန်ရဝေ'** (ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ ရှမ်းပြည်နယ်မှ မောင်ဟိန်းထက်၊ ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်၊ ပဲခူးတိုင်းမှ မောင်ထိန်လင်း၊ ရန်ကုန်တိုင်းမှ မောင်ဝဏ္ဏထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ဘိုဘိုဟန်၊ တနင်္သာရီတိုင်းမှ မောင်ဝင်းငြိမ်းကျော်၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်မျိုးမြတ်ဟိန်း၊ မန္တလေးတိုင်းမှ မောင်ရဲထက်အောင်နှင့် မောင်ရဲသူရလွင်၊ ကချင်ပြည်နယ်မှ မောင်ရဲသူကိုကိုနိုင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားသည်။

အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး အကပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မာဒင် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြပြီး ရှမ်းပြည်နယ်မှ မသဲသဲဦး၊ မန္တလေးတိုင်းမှ မပိုးပိုးလေး၊ စစ်ကိုင်းတိုင်းမှ မပန်းအိဖြူ၊ ရန်ကုန်တိုင်းမှ မအိရွှေစင်၊ ကချင်ပြည်နယ်မှ မအိအိထွန်း၊ မကွေးတိုင်းမှ မငြိမ်းချမ်းခိုင်၊ ပဲခူးတိုင်းမှ မတင်တင်ဝင်း၊ ကရင်ပြည်နယ်မှ မနန်းလင်းစန္ဒာထွန်း၊ ရန်ကုန်တိုင်းမှ မရှုမဝ၊ ဧရာဝတီတိုင်းမှ မအင်ကြင်းဖွေး၊ ရခိုင်ပြည်နယ်မှ မနှင်းနှင်းစော၊ ချင်းပြည်နယ်မှ မလှိုင်

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မခင်သစ်လွင်အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မိမိသွင်၊ တနင်္သာရီတိုင်းမှ မအေမီဇင်၊ မွန်ပြည်နယ်မှ မပွင့်ဦးငယ်၊ ချင်းပြည်နယ်မှ မမာလာမြင့်အောင်၊ ကချင်ပြည်နယ်မှ မသဲအေးအေးနွယ်နှင့် မန္တလေးတိုင်းမှ မဟန်နီထွန်းဝေတို့ ပြိုင်ပွဲဝင်ကြကာ နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသား အကပြိုင်ပွဲကို ကျင်းပရာ ပဲခူးတိုင်းမှ မောင်မြင့်စိုး၊ ရခိုင်ပြည်နယ်မှ မောင်ညီညီဇော်၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ စောသက်လွင်ထွန်း၊ မန္တလေးတိုင်းမှ မောင်ဖြိုးသီဟကျော်(ခ) ဖြိုးဖြိုး၊ စစ်ကိုင်းတိုင်းမှ မောင်စိုင်းဝင်း၊ ပဲခူးတိုင်းမှ မောင်ချစ်မင်းသူ၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်၊ ရန်ကုန်တိုင်းမှ မောင်သော်ဇင်ထွန်း၊ မွန်ပြည်နယ်မှ မောင်အောင်ဆန်းဦး၊ ချင်းပြည်နယ်မှ မောင်ချစ်ဖြိုးကိုကို၊ မန္တလေးတိုင်းမှ မောင်မင်းပိုင်သော်၊ ရှမ်းပြည်နယ်မှ မောင်စိုးမြင့်ဦး၊ မွန်ပြည်နယ်မှ မောင်နိုင်ဦး၊ ကချင်ပြည်နယ်မှ မောင်ပြည့်ဖြိုးအောင်နှင့် ရခိုင်ပြည်နယ်မှ မောင်သုခစိုးတို့ပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားသည်။

လေ့ကျင့်

အရေးပြိုင်ပွဲ၏ အရေးတေးသီချင်း လေ့ကျင့်ခြင်းကို နံနက်၉နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ အရေးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အဆင့်မြင့်ပညာအဆင့်တို့မှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးများသည် အရေးတေးသီချင်း လေ့ကျင့်ကြသည်။

စောင်းအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စောင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ စောင်းအတီး အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးအောင်ကိန်းနှင့် ဗဟိုအကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး **'သီရိမင်္ဂလာ'**(ဘွဲ့) သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်ကျော်ဝဏ္ဏမျိုး၊ ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်၊ ပဲခူးတိုင်းမှ မောင်ပြည့်သော်တာအောင်၊ မန္တလေးတိုင်းမှ မောင်ထွန်းထွန်းဝင်း၊ ဧရာဝတီတိုင်းမှ မောင်ကြည်လင်းနှင့် ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **'သီရိမင်္ဂလာ'** (ဘွဲ့) သီချင်းဖြင့် မန္တလေးတိုင်းမှ မသိမ့်ကြည်လင်လင်စိမ့်နှင့် မမြတ်ကေသွယ်ကျော်၊ ဧရာဝတီတိုင်းမှ မမေမြတ်တင်နှင့် တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာသိမ့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းအစီအစဉ်ကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ အခြေခံပညာအဆင့် (အသက်၁၅ နှစ်မှ ၂၀) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် **'မြိုင်ယံရွှေလျှံ'** (ပတ်ပျိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မဟိန်းထက် တီးခတ်ပြိုင်ပွဲဝင်သည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **'သိင်္ဂါရွှေရောင်'** (ပတ်ပျိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးအေးမင်းသန်း၊ ရန်ကုန်တိုင်းမှ ဦးအောင်စိုးလွင်၊ မကွေးတိုင်းမှ ဦးတင်စိုးအောင်၊ မန္တလေးတိုင်းမှ ဦးမြင့်ဆွေ၊ ပဲခူးတိုင်းမှ ဦးသန်း၊ မွန်ပြည်နယ်မှ ဦးခင်မောင်ဆန်း၊ ရန်ကုန်တိုင်းမှ ဦးကျော်လှနှင့် တနင်္သာရီတိုင်းမှ ဦးဟန်စိုးတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားသည်။

စန္ဒရားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးနီနီနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'သောင်းသောင်းညံ'** (ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရဲထက်အောင်နှင့် မောင်သူရမြတ်မင်းစံ၊ ရန်ကုန်တိုင်းမှ မောင်သက်သန်းဟန်နှင့် မောင်အောင်စည်မင်းထက်၊ ကချင်ပြည်နယ်မှ မောင်လာဘော်၊ ကယားပြည်နယ်မှ မောင်ဘုန်းမြင့်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်နောင်ရဲသော်နှင့် ရှမ်းပြည်နယ်မှ မောင်စိုင်းခေးလျှန်းတို့ ပါဝင်တီးခတ်ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များ ခေတ္တရပ်နားသည်။

တီးခတ်ယှဉ်ပြိုင်

ယင်းနောက် မွန်းလွဲ၁နာရီတွင် ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် **'သာဆန်းရဂုံဖွေ'** (ပတ်ပျိုး) ဖြင့် ရန်ကုန်တိုင်းမှ မခင်ခိုင်ခိုင်လှဲ့နှင့် မန္တလေးတိုင်းမှ မလွင်မီထွန်းတို့ တီးခတ်ယှဉ်ပြိုင်ကြပြီး ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားသည်။

အိုးစည်အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အိုးစည်အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှမောင်အောင်သူဟိန်းအဖွဲ့နှင့် ဦးကျော်ကျော်ဟန်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးကျော်မင်းအဖွဲ့၊ ပဲခူးတိုင်းမှ ပတ္တမြားကုလားအဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းအဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ကုလားအဖွဲ့နှင့် ဧရာဝတီတိုင်းမှ ဦးကျော်ကျော်အဖွဲ့တို့ ပါဝင်တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀)အမျိုးသား အိုးစည်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်းကျော်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ကျော်ကျော်ထွန်းမောင် အဖွဲ့နှင့် မောင်စိန်ဗိုလ်ထွားအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်မိုးသက်နိုင်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်အောင်ကိုဇော်အဖွဲ့တို့ ပါဝင်တီးခတ်ပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားသည်။

ဆိုင်း(အဖွဲ့လိုက်)

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်)အမျိုးသမီးဆိုင်း (အဖွဲ့လိုက်) ပြိုင်ပွဲကို နံနက် ၉နာရီခွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ရန်ကုန်တိုင်းမှ မမေရီလွင်အဖွဲ့နှင့် မမြတ်သဇင်အဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြကာ နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်ကို ရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီခွဲတွင် ပြိုင်ပွဲအစီအစဉ်များကို ပြန်လည်ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဒေါ်လှလှခိုင်အဖွဲ့၊ မန္တလေးတိုင်းမှ မခင်သစ်လွင်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မပေါက်ကျော်မအဖွဲ့တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး ပဉ္စမနေ့ ပြိုင်ပွဲအစီအစဉ်ကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

ရပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ပြည်နယ်နှင့်တိုင်းများ ယှဉ်ပြိုင်မည့်နေ့ရက်များ

စဉ်	ပြည်နယ်၊တိုင်းအမည်	ယှဉ်ပြိုင်မည့်နေ့ရက်	အချိန်(ည)
၁	ရန်ကုန်တိုင်း	၂၆-၁၀-၂၀၀၉	၇နာရီ
၂	စစ်ကိုင်းတိုင်း	၂၇-၁၀-၂၀၀၉	၇နာရီ
၃	မန္တလေးတိုင်း	၂၈-၁၀-၂၀၀၉	၇နာရီ

ယှဉ်ပြိုင်မည့်နေရာ။ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၆။	၂၃-၁၀-၂၀၀၉ (သောကြာနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ကာလပေါ် အဆို၊ ကာလပေါ်	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) အဆင့်မြင့်ပညာ (အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ဇာတ်သဘင်	အခြေခံပညာအသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း) (အမျိုးသား) အဆင့်မြင့်ပညာ (အမျိုးသမီး) ဥဂ္ဂသေနဇာတ် (မန္တလေးတိုင်း)	၀၉း၀၀ ၁၃း၀၀ ၁၉း၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး (တယော) အတီး (တယော)	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)(အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး (ပတ္တလား) အတီး (ပတ္တလား)	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား)	၀၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး (ဒုံမင်း) အတီး (ဒုံမင်း) အတီး (ဒုံမင်း)	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး)	၀၉း၀၀ ၁၃း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ)	အတီး (ဆိုင်းတစ်ဦးချင်း) အတီး (ဆိုင်းတစ်ဦးချင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား) အဆင့်မြင့်ပညာ(အမျိုးသား)	၀၉း၀၀ ၁၃း၀၀
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး (သီချင်းပြိုင်ပွဲ)	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)(အမျိုးသမီး)	၀၉း၀၀

အားမာန်ပြည့် အပြိုင်နွှဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အနုပညာမြင်ကွင်း - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၂
(ဖက်စ်)

အကပြိုင်ပွဲကျင်းပရာ စင်မြင့်ထက်၌ မီးရောင်များ ဖြာကျနေသည်။ အထက်အောက် အဖြူရောင် မင်းသမီးဝတ်စုံကို ဝတ်ဆင်ထားသည့် ကလေးငယ်တစ်ဦး။ အကဲဖြတ်ပညာရှင်များကို ဂါရဝပြုပြီး ကကွက်ဆန်းဖြင့် စတင်ပြိုင်ပွဲဝင်ရာ မှင်တက်မိစရာကောင်းအောင် ကကြိုး

အဆင့်မြင့် (အမျိုးသမီး) အဆို ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၏ သီဆိုဟန်။ (မြန်မာ့အလင်း)

ကကွက် အစုံအလင်။ တီးလုံးနှင့်အတူ ၄က်တစ်ကောင်အလား လေထဲဝဲပျံ ကဟန်က ပရိသတ် လက်ခုပ်သံများ မစဲအောင်ဖြစ်စေခဲ့ပြီး အကပြိုင်ပွဲဝင်သူကို စေ့၄ကြည့်ရာ ရှမ်းပြည်နယ် ကိုယ်စားပြု မသဲသဲဦး ဖြစ်သည်။

စွမ်းရည်မြင့်မား

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များကား ပဉ္စမမြောက်နေ့အဖြစ် အကြိတ်အနယ်ယှဉ်ပြိုင်နေဆဲ။ မြန်မာ့အလင်းသတင်းအဖွဲ့ အကပြိုင်ပွဲကျင်းပရာ နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိပြီး ပြည်နယ်နှင့်တိုင်းအသီးသီးမှ အကပြိုင်ပွဲဝင်မှုများကို လေ့လာကြည့်ရှု အားပေးခဲ့သည်။ ပြိုင်ပွဲဝင်တိုင်း အံ့သြစရာကောင်းအောင် အကစွမ်းရည်မြင့်မားကြောင်း တွေ့ရှိရသည်။

ထို့နောက် စန္ဒရားအတီးပြိုင်ပွဲကျင်းပရာ သစ်တောသုတေသနဌာန (စုဝေးခန်းမ)သို့ ရောက်ရှိခဲ့သည်။ စင်မြင့်ထက်၌ စန္ဒရားအတီးပြိုင်ပွဲဝင်နေသူတစ်ဦးကိုတွေ့ရသည်။ ငြိမ့်ညောင်းသာယာသော စန္ဒရားတီးသံမှာ ခန်းမအတွင်း ပရိသတ်အာရုံကို သိမ်းကျုံးဖမ်းစားနိုင်စွမ်းရှိလေသည်။ စန္ဒရားခလုတ်များကို သွက်လက်ပေါ့ပါးစွာတီးနေသည့် လက်သံက နားဝင်ပီတိဖြစ်စရာပင်။ တိုင်းရင်းသားဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ထားသဖြင့် မေးမြန်းကြည့်ရာ ကယားပြည်နယ်မှ မောင်ဘုန်းမြင့်အောင်။ ပရိသတ်များ အသက်ရှူရန်ပင် မေ့လောက်သည့် တီးလုံးတီးကွက်သံစဉ်များကြောင့် ယှဉ်ပြိုင်မှုအပြီး ပရိသတ် အားပေးလက်ခုပ်သံ ဝေါခနဲထွက်လာသည်။ တော်လိုက်သည့် ကလေးငယ်။

အဆက်မပြတ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးနိုင်ခဲ့မှုကြောင့် နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းအသီးသီးမှ အနုပညာရှင် မျိုးဆက်သစ်လူငယ်များ အဆက်မပြတ် ပေါ်ထွက်လာခဲ့ပြီဟုတွေးရင်း အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)သို့ ရောက်ရှိခဲ့သည်။ ခန်းမအပြင်ဘက်တွင် အဆိုလေ့ကျင့်နေသူများကို တွေ့ရသည်။ ပြိုင်ပွဲမဝင်ခင် စိတ်တိုင်းကျ ပြင်ဆင်လေ့ကျင့်နေသူများကိုကြည့်ရင်း နိုင်ငံအတွက် အနုပညာစွမ်းအားစုများအဖြစ် ယုံကြည်စိတ်ဖြစ်ရသည်။

အဆိုပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း လှမ်းဝင်လိုက်သည်နှင့် အစီအစဉ်ကြေညာသူက မဟာဂီတ(အဆင့်မြင့်) (မ)ပြိုင်ပွဲဝင်ရန် ကရင်ပြည်နယ်မှ မခင်မိုးဟိန်းကို ဖိတ်ခေါ်သံကြားလိုက်ရသည်။ တိုင်းရင်းသားဝတ်စုံဖြင့် စင်မြင့်ပေါ်တွင် သေသပ်စွာထိုင်ကာ သီဆိုမှုစတင်သည်နှင့် ကြည်လင်အေးမြသောအသံက စွဲစွဲထင်ထင်ဖြစ်သွားသည်။ အသံအနိမ့်အမြင့်၊ နရီစည်းဝါးပိုင်နိုင်မှု၊ အသံအဆွဲအငင် အဖြတ်အတောက် မှန်ကန်မှုတို့ကြောင့် ခံစားမှု နစ်မြောသွားသည်။ အဆို ပါးနပ်ပိုင်နိုင်မှုနှင့် အသံအင်အားကောင်းမှုတို့ကြောင့် ခန်းမအတွင်း ပရိသတ်ကြီး တိတ်ဆိတ်ကာ သီချင်းနှင့်အတူလိုက်ပါကာ အာရုံဖမ်းစားမှု ခံရသကဲ့သို့ ဖြစ်နေသည်။ သီဆိုမှုအပြီး ပရိသတ် အားပေးသံ ရုတ်တရက်မထွက်နိုင်။ ခေတ္တကြာမှ လက်ခုပ်သံတဖြောင်းဖြောင်းထွက်ပေါ်လာသည်။ ကရင်ပြည်နယ်မှ မဟာဂီတအဆိုပြိုင်ပွဲဝင် မခင်မိုးဟိန်းကို မချီးကျူးဘဲ မနေနိုင်တော့။

လာရောက်အားပေး

အဆိုပြိုင်ပွဲကျင်းပရာ ခန်းမမှ မြန်မာ့အလင်းသတင်းအဖွဲ့ ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက်ပြိုင်ပွဲဝင်များနှင့် လေ့လာရေးအဖွဲ့များကို တွေ့ရသည်။ မော်တော်ယာဉ်များဖြင့် အစုအဖွဲ့လိုက် လာရောက်အားပေးသော ပရိသတ်များကိုလည်း မြင်တွေ့ရသည်။ထို့နောက် စောင်းအတီးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စာသင်ခန်းမ)သို့ ရောက်ရှိခဲ့သည်။

ပြိုင်ပွဲခန်းမအပြင်ဘက်မှပင် နားဝင်ပီတိ စောင်းလက်သံကို အတိုင်းသားကြားရသည်။ စောင်းကြိုးထိခတ်သံတို့က ငြိမ့်ညောင်းသာယာစွာ ထွက်ပေါ်နေရာ ခန်းမအတွင်းရောက်သည်နှင့် စင်မြင့်ထက်လှမ်းကြည့်လိုက်ရာ မန္တလေးတိုင်းကိုယ်စားပြု စောင်းတီးပြိုင်ပွဲဝင် မသိမ့်ကြည်လင်လင်စိမ့် ဖြစ်ကြောင်း သိလိုက်ရသည်။ စောင်းအတီးသံက ဘဝင်စွဲငြိစရာ ကောင်းအောင် စိတ်နှလုံးကို ဖမ်းစားနိုင်လွန်းသည်။ အခြေခံကျေညက်ပြီး လေ့ကျင့်မှုကောင်းကာ လက်စွမ်းပြ ပိုင်ပိုင်နိုင်နိုင် တီးခတ်နိုင်မှုကား အကဲဖြတ်ပညာရှင်များပင် အံ့သြငေးမောနစ်မြောနေကြသည်ကို တွေ့ရသည်။ ယှဉ်ပြိုင်တီးခတ်မှုအပြီး ပရိသတ် အားပေးသံက ဟိန်းထွက်လာသည်။ စောင်းတီးကျွမ်းကျင်ကာ ပါရမီရှိသည့်သူပင်ဖြစ်သည်။

အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး အကပြိုင်ပွဲတွင် မကွေးတိုင်းမှ မငြိမ်းချမ်းခိုင် ပါဝင်ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)

အိုးစည်အတီးပြိုင်ပွဲ

စောင်းအတီးပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီးနောက် မြန်မာ့အလင်းသတင်းအဖွဲ့ အိုးစည်ပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးသုတေသန(စုဝေးခန်းမ)သို့ ရောက်ရှိခဲ့သည်။ ခန်းမအပြင်ဘက်တွင် ပြိုင်ပွဲဝင်ရန် အိုးစည်အသံစမ်းနေသည့် ပြိုင်ပွဲဝင်အဖွဲ့တစ်ဖွဲ့ကို မြင်တွေ့ရသည်။ ပြိုင်ပွဲခန်းမအတွင်းဝင်လိုက်ရာ အားပေးသည့် ပရိသတ်က အပြည့်ဖြစ်နေသည်။ ပြိုင်ပွဲဝင် စင်မြင့်ထက် လှမ်းကြည့်လိုက်ရာ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းအဖွဲ့ ယှဉ်ပြိုင်ရန် အသင့်အနေအထားရှိနေကြောင်း တွေ့ရသည်။

အခြေခံ (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မသိမ့်ကြည်လင်လင်စိမ့်၏ တီးခတ်ဟန်။ (မြန်မာ့အလင်း)

စနစ်ကျ

အိုးစည်တီးပြိုင်ပွဲ စတင်ရန် အကဲဖြတ်အဖွဲ့ခေါင်းဆောင်က အချက်ပေးမောင်းတီးလိုက်သည်။ လက်သံပြောင်မြောက်သော အိုးစည်အဖွဲ့လိုက် တီးသံက မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာသည်။ အဆို၊ အပြော၊ အတီး၊ အကတို့ကို လိုက်ဖက်ညီစွာ အမှားအယွင်းမရှိ ပြိုင်ပွဲဝင်တီးသွားနိုင်သည်။ စည်းဝါးအဝင် အထွက်မှန်ကန်မှု၊ အိုးစည်တီးပုံစနစ်ကျမှု၊ အဖွဲ့လိုက်မြိုင်ဆိုင်မှုတို့က ပရိသတ်စိတ်ကိုတက်ကြွစေရန် ဆွဲဆောင်နိုင်သည်ကို တွေ့ရသည်။ ပရိသတ်လည်း သဘောကျ၊ အကဲဖြတ်ပညာရှင်များလည်း အမှတ်ပေးနေကြသည်ကို မြင်ရသည်။ အိုးစည်အဖွဲ့လိုက် ယှဉ်ပြိုင်တီးမှုများကို နားဆင်ပြီးနောက် ပြိုင်ပွဲခန်းမမှ မြန်မာ့အလင်းသတင်းအဖွဲ့ ထွက်ခွာခဲ့သည်။

ကြိုးစားလေ့ကျင့်

အရေးတေးသီချင်း လေ့ကျင့်ရာ အမှတ်(၇) တည်းခိုရေးစခန်း(သင်တန်းခန်းမဆောင်)သို့ ရောက်ရှိခဲ့သည်။ စန္ဒရားနှင့် တေးသီချင်းစာသားကို သံစဉ်ထည့်သွင်းလေ့ကျင့်နေသော ပြိုင်ပွဲဝင်တစ်ဦးအား မေးမြန်းရာ ပဲခူးတိုင်းကိုယ်စားပြု ဦးကျော်ခင်ဖြစ်ကြောင်း သိရသည်။ တေးသားနှင့် သံစဉ်ကို အကြိမ်ကြိမ်လေ့ကျင့်ကာ လိုက်ဖက်အောင် ကြိုးစားနေသည်ကိုတွေ့ရသည်။ ပရိသတ်များကလည်း လေ့လာကြည့်ရှုအားပေးကြသည်ကို မြင်တွေ့ရသည်။ သံစဉ်တေးသွားကို သာယာနာပျော်ဖွယ်ဖြစ်အောင် ကြိုးစားလေ့ကျင့်ရသည်မှာ မလွယ်ချေ။

လက်ဆင့်ကမ်းသယ်ယူ

မြန်မာ့အလင်းသတင်းအဖွဲ့ ပြိုင်ပွဲဝင်ခန်းမများမှ ပြန်အထွက် နေပြည်တော်တပ်ကုန်း သတင်းစာတိုက်သို့အပြန် အမှောင်လွှမ်းနေပြီဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို လက်ဆင့်ကမ်းသယ်ယူနိုင်မည့် မျိုးဆက်သစ်လူငယ်များ၏ အားမာန်များကို မြင်ယောင်ရင်း ကြည်နူးနေမိတော့သည်။ ။ **(မြန်မာ့အလင်း)**

ဝါသနာရှင်(ပထမတန်း) အမျိုးသား အိုးစည်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ရဲဝင်းထွန်းအဖွဲ့ကလည်း ဤသို့ လက်သံပြောင်မြောက်စွာ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ခဲ့သည်။ (မြန်မာ့အလင်း)

ထိပ်ဆုံးက ဒယ်လ်တာကို အနီးကပ် ဖိအားပေးနိုင်ခဲ့တဲ့ ရတနာပုံရဲ့ အနိုင်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် အောက်တိုဘာ ၂၂

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၃၀)ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင်ကျင်းပရာ ရတနာပုံအသင်းက ဉဿာယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ရတနာပုံ - သုံးဂိုး ဉဿာယူနိုက်တက် - တစ်ဂိုး

ပြီးခဲ့တဲ့ MNL CUP ပြိုင်ပွဲမှာရော အခုပြိုင်ပွဲရဲ့ ပထမအကျော့မှာပါ နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ထားတဲ့ ဉဿာယူနိုက်တက်အသင်းဟာ အခုပွဲမှာ ရတနာပုံကို အစဉ်အလာပိုင်းအရရော ခြေစွမ်းပိုင်းအရပါ မယှဉ်နိုင်ခဲ့ပါဘူး။ အားထားရတဲ့ ဘရာဇီးကစားသမား မားကို့စ်အပါအဝင် နိုင်နိုင်လင်း၊ ကျော်သက်ဦးတို့ကို ပွဲအစမှာ ထုတ်မသုံးခဲ့တဲ့ ဉဿာယူနိုက်တက်အသင်းဟာ တိုက်စစ်မှာ လိုအပ်ချက်တွေရှိနေခဲ့သလို တောင်အာဖရိကလက်ရွေးစင်ဟောင်း ဘန်းနတ်မပါဝင်နိုင်တဲ့ ခံစစ်ပိုင်းဟာလည်း ရတနာပုံတိုက်စစ်ကို မထိန်းချုပ်နိုင်ခဲ့လို့ အရေးနိမ့်ခဲ့ရတာပါ။

ရတနာပုံတိုက်စစ်မှူး ရန်ပိုင်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဉဿာဂိုးသမား ဒီဂျန်နယ် ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ခေါင်းတိုက်သွင်းယူ

ရတနာပုံအသင်းကတော့ ခြေစွမ်းပြနေတဲ့ ရန်ပိုင်၊ အောင်ကျော်မိုး၊ ကမ်ဘူး၊ ဘာဘိုတို့နဲ့ လူစုံပွဲထုတ်ခဲ့ပြီး အပြောင်းအလဲလုပ်ခဲ့တာကတော့ အသစ်ခေါ်ယူထားတဲ့ မက်သရူးနဲ့ ကလီမန့်တို့ကို ပွဲအစကတည်းကထုတ်သုံးခဲ့ပါတယ်။ ရတနာပုံအသင်းဟာ ဘာဘိုနဲ့ ကလီမန့်တို့ရဲ့ တောင်ပံနှစ်ဖက်ကပဲ အဓိကတိုက်စစ်ဆင်ခဲ့ပြီး ပွဲအစ ၇မိနစ်မှာ ရန်ပိုင်က ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့ပါတယ်။ ဉဿာယူနိုက်တက်အသင်းကတော့ ချေပဂိုးပြန်ရဖို့ အောင်ကျော်ထွန်း၊ ပီတာ၊ မိုင်းအိုက်နိုင်တို့ရဲ့တွဲလုံးတွေနဲ့ တိုက်စစ်ဆင်ခဲ့ပြီး ၃၅မိနစ်မှာ ရတနာပုံနောက်ခံလူ ဂျီနွန်ဆီယန်ရဲ့ အမှားကနေ ပီတာက ချေပဂိုးပြန်သွင်းခဲ့ပါတယ်။ ဉဿာယူနိုက်တက်အသင်းရဲ့ သရေရလဒ်ဟာ ပထမပိုင်းပြီးအောင် တောင့်မခံလိုက်ဘဲ ၄၄မိနစ်မှာ ဂိုးပြန်ပေးလိုက်ရပါတယ်။ ရတနာပုံအသင်းအတွက် ဒုတိယဂိုးကို ရန်ပိုင်ကပဲ ခေါင်းတိုက်ပြီးသွင်းယူခဲ့တာပါ။

တတိယဂိုး

ဒုတိယပိုင်းမှာလည်း ဉဿာယူနိုက်တက်ခံစစ်ပိုင်းဟာ ရတနာပုံကစားသမားတွေရဲ့ လျင်မြန်မှု၊ တိုက်စစ်တွဲလုံးတွေကို မထိန်းနိုင်တာကြောင့် ဂိုးသွင်းခွင့်တွေ ဆက်တိုက်ပေးခဲ့ရပါတယ်။ ညာတောင်ပံက ဘာဘို၊ တိုက်စစ်မှူး မက်သရူးနဲ့ ရန်ပိုင်တို့သာ ဂိုးသွင်းခွင့်တွေကို အသုံးချနိုင်ခဲ့မှာဆိုရင် ရတနာပုံ ဒီထက် ဂိုးပြတ်သွားနိုင်ပါတယ်။ ရတနာပုံအတွက် တတိယဂိုးကို ၅၃မိနစ်မှာ ကမ်ဘူးက ဉဿာယူနိုက်တက်ရဲ့ လူကွဲထောင်ချောက်ကိုကျော်ဖြတ်ပြီး ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ။

၂၄-၁၀-၂၀၀၉
ညနေ ၄ နာရီ
သုဝဏ္ဏကွင်း
ဆောက်သမ်းမြန်မာ နှင့် ကမ္ဘောဇ။
(မြန်မာ့အလင်း)

စိမ့်ဝိုင်း - ကျောက်အိုးလမ်း ကျောက်ခင်း

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် စိမ့်ဝိုင်း-ကျောက်အိုးလမ်း ကျောက်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၉ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လက်ဝှေ့ဝါသနာအိုးတို့ အကြိုက်တွေ့ကြမည့် မြန်မာ-ထိုင်း နိုင်ငံတကာ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဇင်လင်းထွန်း (နေဖြူ) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏ အဓိကကူညီပံ့ပိုးမှုဖြင့် T&T Group မှ ဦးစိုးသန်းဝင်း တာဝန်ယူစီစဉ်သည့် "မြန်မာ-ထိုင်း နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး အမှတ်(၂)"ကို အောက်တိုဘာ ၂၄ရက်နှင့် ၂၅ရက် (စနေနှင့် တနင်္ဂနွေ) နေ့များတွင် ညနေ ၃ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ နေ့စဉ် ပြည်တွင်းစိန်ခေါ်ပွဲခုနစ်ပွဲ၊ မြန်မာ-ထိုင်းစိန်ခေါ်ပွဲနှစ်ပွဲစီဖြင့် ကျင်းပသွားမည်ဖြစ်ရာ ထိုပွဲစဉ်၌ ယှဉ်ပြိုင်ထိုးသတ်ကြမည့် ထိုင်းလက်ဝှေ့သမားများသည် အောက်တိုဘာ ၂၁ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရောက်ရှိလာကြပြီး ညနေ၃နာရီတွင် သုဝဏ္ဏရှိ Goal ဟိုတယ်၌ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပခဲ့သည်။

မြန်မာ-ထိုင်း လက်ဝှေ့သမားများအား အတူတွေ့ရစဉ်။

ထိုင်းလက်ဝှေ့အဖွဲ့ကို မဲဆောက်မြို့အခြေစိုက် ထပ်ထင်ထောင်လက်ဝှေ့ကလပ်မှ မစ္စတာဖိကျောက် ဦးဆောင်၍ အဖွဲ့ဝင်နှစ်ဦး၊ လက်ဝှေ့သမားလေးဦး စုစုပေါင်းခုနစ်ဦး ပါဝင်သည်။ စာနယ်ဇင်းရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးသိန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဦးဝင်းဇင်ဦး (ပြည်ပဆက်ဆံရေး)၊ ခုံဒိုင်ချုပ်/နည်းပြချုပ် ဆရာကြီးဦးဒေါင်းနီ၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် ပွဲစီစဉ်သူ ဦးစိုးသန်းဝင်း၊ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့သားများနှင့် နည်းပြဆရာ

လုံးချောနှင့် လတ်မွန်ခွန်း။

များ၊ ထိုင်းလက်ဝှေ့အဖွဲ့သားများ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မွေထိုင်းအဖွဲ့ခေါင်းဆောင် မစ္စတာဖိကျောက်က ကျေးဇူးတင်နှုတ်ခွန်းဆက်စကားပြောကြားရာ ပထမတန်းချန်ပီယံဟောင်း ဝမ်ချိုင်းက စကားပြန်အဖြစ် ကူညီဆောင်ရွက်ပေးသည်။ ထို့နောက် ပထမနေ့ (အောက်တိုဘာ၂၄ရက်)တွင် ယှဉ်ပြိုင်ထိုးသတ်မည့် ကြယ်လင်းအောင်နှင့် လာချီလိတ်၊ တွေ့မရှောင်နှင့် ပါဝိ၊ ဒုတိယနေ့(အောက်တိုဘာ၂၅ရက်)တွင် ယှဉ်ပြိုင်ထိုးသတ်မည့် လုံးချောနှင့် လတ်မွန်ခွန်း၊ စောငမန်းနှင့် ထန်ဝါလစ်တို့ တွဲဆိုင်းအလိုက် ဓာတ်ပုံရိုက်ကြသည်။

ဆုကြေးငွေ

စာနယ်ဇင်းများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြသည်။ ယခုပွဲတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ့ရိုးရာ လက်ဝှေ့သမားများနှင့် ထိုင်းလက်ဝှေ့သမားများကို နိုင်ကြေး၊ရှုံးကြေးဟူ၍မရှိဘဲ ကြေးသေ (အပြတ်) တစ်ဦးလျှင် ငွေကျပ် ၁၅သိန်းစီ ပေးရကြောင်း ပွဲစီစဉ်သူ ဦးစိုးသန်းဝင်းက ပြောကြားသည်။ မစ္စတာဖိကျောက်က ပထမအကြိမ်လာရောက်ယှဉ်ပြိုင်ခဲ့စဉ်က မြန်မာပရိသတ်များ၏ မျှတသည့်အားပေးမှုကြောင့် ပျော်ရွှင်မိပါကြောင်းနှင့် ပထမပွဲတွင် နိုင်ပွဲမရှိခဲ့ခြင်းကို ချေဖျက်နိုင်ရန် ပြင်ဆင်လာခဲ့ကြောင်းလည်း ပြောကြားသည်။

တွေ့မရှောင်

တွေ့မရှောင်ကို ပထမအကြိမ်ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၁၅ စက္ကန့်ဖြင့် ကွဲရှုံး ရှုံးခဲ့ရသော ပါဝိက "မိမိအနေဖြင့် တွေ့မရှောင်အကြောင်းကို သိနေပြီဖြစ်၍ ပထမပွဲကဲ့သို့ အလွယ်တကူ ရှုံးနိမ့်မည်မဟုတ်တော့ကြောင်း၊ယခုပွဲတွင်တွေ့မရှောင်က မိမိကိုတတိယအချီအထိ တိုက်စစ်ဆင်နိုင်ပါကြောင်း၊ တတိယအချီကျော်သွားလျှင် မိမိအလှည့် ဖြစ်လာပြီး တွေ့မရှောင်ရှောင်နိုင်အောင် ရှောင်ပေတော့ဟုပြောလိုကြောင်း၊ မိမိက တံတောင်နှင့် ဒူးကို အားသန်ပါကြောင်း"ဖြင့်ပြောကြားသည်။

ကြယ်လင်းအောင်

ကြယ်လင်းအောင်နှင့် ယှဉ်မည့် လာချီလိတ်ကလည်း "ကြယ်လင်းအောင် ထိုးသတ်ခဲ့သည့်ပွဲများကို ကြည့်ဖူးပါကြောင်း၊ ကြံ့ခိုင်သန်စွမ်းပြီး သက်လုံလည်း ကောင်းမွန်သည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ဝင်းထွန်းလောက် လျင်မြန်ဖျတ်လတ်မှု မရှိသည့်အတွက် မိမိက မစိုးရိမ်ပါကြောင်း၊ ကြယ်လင်းအောင် အဝင်ကို ထောက်ထိုး ထွက်ထိုး ပင့်ဒူးများဖြင့် ထိန်းကာ ထိုးလုံးသတ်ကွက် အသာစီးယူနိုင်မည်ဟု ယုံကြည်ထားကြောင်း"ဖြင့် ပြောကြားသည်။

စောငမန်း

စောငမန်းနှင့် ထိုးသတ်မည့် ထန်ဝါလစ်က "စောငမန်းကို ပထမဆုံးအကြိမ် မြိုင်ကြီးငူတွင် ဆုံခဲ့စဉ်က မိမိအနေဖြင့် ရိုးရာလက်ဝှေ့သမားတစ်ယောက်နှင့် ပထမဆုံးအကြိမ် တွေ့ရခြင်းဖြစ်၍ စိုးထိတ်မှုရှိနေခဲ့ကြောင်း၊ စင်ပေါ်တွင် ထိုးသတ်ရင်းမှ စောငမန်း၏ ထိုးသတ်ပုံနည်းစနစ်နှင့် နည်းဗျူဟာများကို အကဲခတ်ပြီး တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့ကြောင်း၊ စောငမန်းတွင် အားကောင်းသော ကန်ချက်နှင့် ဖမ်းချုပ်သည့် သတ်ကွက်သာရှိသဖြင့် ယခုပွဲတွင် မိမိက အသာစီးယူထိုးသတ်သွားနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ မိမိကလည်း ချုပ်ဒူးတိုက်ခြင်းကို ပို၍အားသန်ပါကြောင်း"ဖြင့် ပြောကြားသည်။

လုံးချော

လုံးချောနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် လတ်မွန်ခွန်းက ပြောကြားရာတွင် "မိမိအနေဖြင့် ယခုပွဲက ရိုးရာလက်ဝှေ့သမားနှင့် ပထမဆုံး ထိုးသတ်သည့်ပွဲဖြစ်ကြောင်း၊ မွေထိုင်းလောကတွင်တော့ မိမိကို ဖားဆုလတ်ဟု လူသိများပါကြောင်း၊ မွေထိုင်းပြိုင်ပွဲများတွင် ခါးပတ်များ၊ ဆုဖလားများ၊ ဆုတံဆိပ်များ ရရှိခဲ့ဖူးကြောင်း၊ ယခုပွဲအတွက် မိမိတို့အဖွဲ့ ခေါင်းဆောင် မစ္စတာဖိကျောက်က မိမိကိုအထူးအားကိုး ခေါ်ယူခဲ့သဖြင့် လိုက်ပါရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ လုံးချောထိုးသတ်သည့်ပွဲများကို ဗွီစီဒီ မှတ်တမ်းများမှ ကြည့်ရှုရပါကြောင်း၊ မိမိနှင့် ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်သည့်အတွက် ယခုတွေ့ဆုံရခြင်းကို ကျေနပ်မိပါကြောင်း၊ လုံးချော၏ ညာလက်သီးက အထူးသတိထားရမည်ဟု နားလည်ထားကြောင်း၊ သို့ရာတွင် လုံးချော ဒူးတိုက်ချက်များကတော့ စိုးထိတ်ဖွယ်မရှိကြောင်း၊ ထို့ကြောင့် ယခုပွဲတွင် ဒူးတိုက်ခြင်းဆိုသည်မှာ မည်သို့ဟူ၍ လုံးချောကို မိမိကတိုက်ပြမည် ဖြစ်ကြောင်း၊ တံတောင်နှင့်ဒူးသည် မိမိအားကိုးသော လက်နက်ဖြစ်ကြောင်း၊ မြန်မာပရိသတ်က မျှတစွာ အားပေးတတ်ကြောင်း သိထားသဖြင့် လုံးချောကို အနိုင်ယူလျှင် ပရိသတ် အငြိုအငြင်ခံရမည်မဟုတ်ဟု နားလည်ထားသည့်အတွက်လည်း မိမိ အစွမ်းကုန် ထိုးသတ်သွားမည်ဖြစ်ကြောင်း"ပါရှိသည်။

မြန်မာ့ရိုးရာလက်ဝှေ့သမားများဖြစ်သည့် စောငမန်း၊ လုံးချော၊ တွေ့မရှောင်နှင့် ကြယ်လင်းအောင်တို့အား မွေထိုင်းဘက်မှ ပြောကြားချက်များနှင့်ပတ်သက်၍ သဘောထားမည်သို့ရှိကြောင်း မေးမြန်းရာ မိမိတို့အနေဖြင့် နှုတ်ဖြင့်မချေပတော့ဘဲ ကြိုးဝိုင်းထဲရောက်မှသာ အလုပ်ဖြင့် သက်သေပြမည်ဟု တညီတညွတ်တည်း သဘောထားပေးကြသည်။

အနားတောင်းစနစ်

ယခုပွဲတွင် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲထုံးစံဖြစ်သော အနားတောင်းစနစ် ပါဝင်ရေး၊ မပါဝင်ရေးနှင့် ပတ်သက်၍ နှစ်ဖက်အုပ်ချုပ်သူများ ဆွေးနွေးညှိနှိုင်းကြရာ မစ္စတာဖိကျောက်က အနားတောင်းစနစ်ကိုမလိုလားဟု ဆန္ဒပြုလာပြီး ထိုစနစ်ပါရေး မပါရေး အကြိတ်အနယ်ဆွေးနွေးရသည့်အဆင့် ဖြစ်လာသည်။ ထိုအခါ မစ္စတာဖိကျောက်က မိမိကို ဧည့်သည်တစ်ယောက်အနေဖြင့် အခွင့်အရေးတစ်ခုပေးပါရန် တောင်းဆိုသည်။ ၎င်း၏တောင်းဆိုချက်မှာ ခေါင်းပန်းလှန်ခွင့်ပြုစေ၍ မိမိယူထားသောဘက်ကျလျှင် မိမိဆန္ဒ၊ မြန်မာဘက်မှ ယူထားသောဘက်ကျလျှင် မြန်မာဘက်မှ စီစဉ်သူတို့၏ ဆန္ဒအတိုင်း ဆောင်ရွက်နိုင်ခွင့်ဖြစ်သည်။ ပွဲစီစဉ်သူများက ထိုအချက်ကို လိုက်လျော၍ ခေါင်းပန်းလှန်ကြရာ မစ္စတာဖိကျောက် ယူထားသောဘက်ကျသဖြင့် ယခုပွဲတွင် အနားတောင်းစနစ် ပါဝင်တော့မည်မဟုတ်ဘဲ အမှတ်စဉ်ရေတွက်မှုသာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်း နိုင်ငံတကာ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးတွင် ပါဝင်မည့် ပြည်တွင်းစိန်ခေါ်ပွဲ တွဲဆိုင်းအားလုံးသည် စိတ်တိုင်းကျ တွဲဖက်စီစဉ်ခွင့်ရခဲ့သောကြောင့် ပွဲစဉ်တိုင်းကို ပရိသတ်အကြိုက်တွေ့စေမည်ဟု စီစဉ်သူက

စောငမန်းနှင့် ထန်ဝါလစ်။

အာမခံချက် ပေးထားသည်။ အဆိုပါပွဲစဉ်များအတွက် ရုံဝင်ကြေး(တစ်နေ့) အထူးတန်းကျပ်တစ်သောင်း၊ ရိုးရိုးတန်း ကျပ်ခုနစ်ထောင် သတ်မှတ်ထားပြီး ဖုန်း ၀၉-၆၈၀-၂၁၈၃၊ ၀၉-၅၀၀-၄၇၃၈ နှင့် ၀၉-၅၁၄-၂၇၆၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ ॥ **(မြန်မာ့အလင်း)**

မြန်မာ-ထိုင်း နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး(II) တွဲဆိုင်းများ

၂၄-၁၀-၂၀၀၉ ရက် (စနေနေ့)

၁။	မင်းထက်ကျော် (တိုက်ဂါး)	နှင့်	စနေထွန်း (အင်းစိန်)
၂။	ရွှေသိန်းအောင် (ဘိလပ်မြေစက်ရုံ)	နှင့်	နိုင်ထူးလွင် (တောင်ကလေး)
၃။	စစ်သွေး (ဘိလပ်မြေစက်ရုံ)	နှင့်	စိုးလင်းဦး (တောင်ကလေး)
၄။	စောခွဲလေး (KLN)	နှင့်	ရန်ဆက်နိုင် (တောင်ကလေး)
၅။	ဒေါဂျစ် (လယ်/ဆည်)	နှင့်	ရွှေထွန်းယုံ (ဘိလပ်မြေစက်ရုံ)
၆။	စောအာကာ (KLN)	နှင့်	ပတ္တမြားငမောက် (ရက္ခဗျာလ)
၇။	စိုးမိုးဟိန်း (မျိုးဆက်သစ်)	နှင့်	သပြေညို (ဘိလပ်မြေစက်ရုံ)
၈။	ကြယ်လင်းအောင် (မြန်မာ)	နှင့်	လာချီလိတ် (ထိုင်း)
၉။	တွေ့မရှောင် (မြန်မာ)	နှင့်	ပါဝိ (ထိုင်း)

၂၅-၁၀-၂၀၀၉ရက် (တနင်္ဂနွေနေ့)

၁။	မုန်တိုင်း (တောင်ကလေး)	နှင့်	ရွှေမိုးကောင်း (ဘိလပ်မြေစက်ရုံ)
၂။	ရွှေမင်းရာဇာ (ဘိလပ်မြေစက်ရုံ)	နှင့်	စောသဲအောင် (KLN)
၃။	ရွှေမိုးသီး (ဘိလပ်မြေစက်ရုံ)	နှင့်	စိန်လေးအောင် (ရွှေကုက္ကို)
၄။	နိုင်ဝင်း (ဘိလပ်မြေစက်ရုံ)	နှင့်	စကြာမင်း (ရွှေကုက္ကို)
၅။	စလုကာ (မိုးသောက်ကြယ်)	နှင့်	သျှားဝါ (တောင်ကလေး)
၆။	သားသား (KLN)	နှင့်	မောင်မောင် (ဘိလပ်မြေစက်ရုံ)
၇။	ခိုင်လင်း (တောင်ကလေး)	နှင့်	အောင်စစ်မင်း (မျိုးဆက်သစ်)
၈။	စောငမန်း (မြန်မာ)	နှင့်	ထန်ဝါလစ် (ထိုင်း)
၉။	လုံးချော (မြန်မာ)	နှင့်	လတ်မွန်ခွန်း (ထိုင်း)

ပြိုင်ပွဲနေ့ရက် - ၂၄-၁၀-၂၀၀၉ရက် (စနေနေ့) နှင့် ၂၅-၁၀-၂၀၀၉ရက် (တနင်္ဂနွေနေ့)
ပြိုင်ပွဲအချိန် - ညနေ ၃ နာရီ
ပြိုင်ပွဲနေရာ - အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ
အထူးတန်းကြိုတင်လက်မှတ် - KLN Group အမှတ်-၂၀၃၊ အခန်း ၁၄၊ သုံးလွှာ၊ ၃၆ လမ်း(အထက်)၊ ဖုန်း- ၀၉-၆၈၀-၂၁၈၃၊ ၀၉-၅၀၀-၄၇၃၈၊ ၀၉-၅၁၄-၂၇၆၅။

ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ Air Bagan Ltd. က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010)၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို အောက်တိုဘာ ၁၈ရက် နံနက် ၇နာရီက ညောင်ဦးမြို့နယ် Bagan Resort Golf Club ၌ ကျင်းပသည်။

အကောင်းဆုံး

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ Air Bagan Ltd. မှ ကပ္ပတိန် ဦးမင်းသူက အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု(Daily Best)ရရှိကြသူများအားလည်းကောင်း၊ Air Bagan Ltd, မှ ဒါရိုက်တာ ဦးစည်သူက Professional အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၄ချက်ဖြင့် တတိယရရှိသော လင်းသဲ၊ စုစုပေါင်းရိုက်ချက်၂၈၀ဖြင့် ဒုတိယရရှိသော ရန်မျိုးအေး၊ စုစုပေါင်းရိုက်ချက် ၂၇၂ ချက်ဖြင့် ပထမရရှိသော ဘိုဘို(မြန်မာ့လက်ရွေးစင်) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် Air Bagan Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Professional Golfers ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၃ချက်ဖြင့် တတိယရရှိသော မင်းနိုင်(Srixon)၊ စုစုပေါင်းရိုက်ချက် ၂၇၉ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ်(Srixon)၊ စုစုပေါင်းရိုက်ချက် ၂၇၈ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင်(Srixon) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက Professional Golfers ပြိုင်ပွဲ၌ အနိုင်ရရှိသွားသော စိုးကျော်နိုင်(Srixon)အား ဆုကြေးငွေ ချက်လက်မှတ်နှင့် ထပ်ဆောင်းဂုဏ်ပြုငွေတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုးပြီး Co-sponsor များအဖြစ် International Beverages Trading Co.,Ltd. (IBTC), KBZ Bank Ltd, Hotel Yangon, KM Golf Centre,HAN Golf Masters Pte. Ltd, Myanmar Thiha Trading Co.,Ltd, Bay of Bengal Resort (BOB), (INAX,T-Home), CEPSA Lubricantes, ACCEL International Co.,Ltd.(Canon), Imperial Jade Purified Drinking Water, Lifeline Co.,Ltd. GP Watch တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

ရပ်ကွက်ရုံးအဆောက်အအုံသစ် အင်းစိန်မြို့နယ်၌ဖွင့်

ရန်ကုန် အောက်တိုဘာ ၂၂

အင်းစိန်မြို့နယ် ရပ်ကွက်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက် နံနက် ၁၀နာရီက ရွာမအလယ်ရပ်ကွက်ရုံး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ခေါင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ယုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(ခရိုင် ပြန်/ဆက်)

ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တွင် ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (၂/အောက်တိုဘာ ၂၀၀၉)ကို အောက်တိုဘာ ၂၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်နိုင်

ယင်းဟောပြောပွဲတွင် ဦးသိန်းမြင့်ဝေ (လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)က အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA)တွင် ယှဉ်ပြိုင်နိုင်စွမ်းနှင့် ယှဉ်ပြိုင်မှုပေါ်လစီတို့၏အရေးပါပုံနှင့် ဦးကျော်ဝင်း (ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)က အကောက်ခွန်နှုန်းသက်သာခွင့်ပေးမှု အခွင့်အလမ်းများ ခေါင်းစဉ်တို့ဖြင့် ဟောပြောကြမည်ဖြစ်ရာ ကုန်သည်စက်မှုအသင်းချုပ် ညီနောင်အသင်းများနှင့် စက်မှုဇုန်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး ကြက်ဥပုံချောကလက်

ဘယ်လ်ဂျီယံနိုင်ငံ ဗာကူတီရန်မြို့၌ အောက်တိုဘာ ၂၀ရက်က ချောကလက်ဖြင့် ပြုလုပ်ထားသော ကြက်ဥပုံသဏ္ဌာန် ချောကလက်ကြီးတစ်ခု **(ဝဲပုံ)**မှာ အမြင့် ၈ဒသမ ၃၂မီတာနှင့် အလေးချိန် ကီလိုဂရမ် ၁၉၅၀ရှိသည်။ မုန့်ပြုလုပ်သူ ၂၆ဦး စုပေါင်းကာ အချိန် ၅၂၅နာရီကြာအောင် ပြုလုပ်ခဲ့ရသည်။ ယင်းချောကလက်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကြက်ဥပုံ ချောကလက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ဒိန်ခဲ

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အောက်တိုဘာ ၂၀ ရက်က ခင်းကျင်းပြသ ထားသော ဒိန်ခဲတစ်ခဲမှာ (ဝဲပုံ) အချင်း ခြောက်ပေရှိပြီး အလေးချိန် ၁၃၂၃ ပေါင်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဒိန်ခဲအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ

စုစည်းတင်ပြသည်။

ကမ္ဘာ့အကြီးဆုံး စာအုပ်

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်မြို့ရှိ မက်ဆာချူးဆက် နည်းပညာသိပ္ပံကျောင်း၌ အောက်တိုဘာ၂၀ရက်က ခင်းကျင်းပြသထားသော ရုပ်ပုံများပါရှိသည့် စာအုပ်ကြီးတစ်အုပ်မှာ စာရွက်ပေါင်း ၁၁၂ရွက်ပါရှိပြီး အရွယ်အစားမှာ (၇×၅)ပေ ရှိသည်။ (ယာပုံ)

ယင်း စာအုပ်အလေးချိန်မှာ ၁၃၃ ပေါင်ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံး စာအုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

ဘဝအမောပြေ — အကြံကောင်း....

ကွန်ပျူတာသင်တန်းတစ်ခုတွင် ဆရာက သင်တန်းသားများအား ကွန်ပျူတာ အခြေခံကစပြီး သင်ကြားပေးလျက်ရှိသည်-

ဆရာ ။ ။ ကွန်ပျူတာနဲ့ပတ်သက်ပြီး အခြေခံသိထားရမယ့် အချက်တွေက အများကြီးရှိတယ်။

တပည့်များ ။ ။ ဟုတ်ကဲ့ပါ ဆရာ။

ဆရာ ။ ။ အဲဒီအခြေခံအချက်တွေထဲက တစ်ချက်ကိုပြောပြမယ်။

တပည့်များ ။ ။ ဟုတ်ကဲ့ပါ ဆရာ။

ဆရာ ။ ။ ကိုယ့်ကွန်ပျူတာမှာ ဗိုင်းရပ်စ်ရှိမရှိ သိထားရမယ်။ ဗိုင်းရပ်စ်မဝင်အောင်လည်း ကြိုတင်ကာကွယ်ထားရမယ်။

တပည့်များ ။ ။ ဟုတ်ကဲ့ပါ ဆရာ။

ဆရာ ။ ။ ကွန်ပျူတာထဲ ဗိုင်းရပ်စ်ဝင်ရင် အသုံးပြုလို့ရမှာ မဟုတ်ဘူး။

ထိုအခါ တပည့်တစ်ဦးက ရုတ်တရက် မတ်တပ်ရပ်ပြီး-

တပည့်တစ်ဦး ။ ။ ကွန်ပျူတာထဲ ဗိုင်းရပ်စ်မဝင်အောင် ကွန်ပျူတာကို နှာခေါင်းစည်း တပ်ပေးထားရင်ရမလား ဆရာ။

ဆရာ ။ ။ **"ဟေ"**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

ရစ်ပတ်ဖွဲ့နှောင်လေသော မေတ္တာနှောင်ကြိုး.... (နိုင်ငံတကာမှုခင်း)

သံမဏိ၊ သံစိုင်တို့ဖြင့် စီမံအပ်သော နှောင်ကြိုးတို့သည်ကား ပြတ်နိုင်ကောင်း ပြတ်ပေလိမ့်မည်။ သို့သော် မိဘနှင့် သားသမီးကြား ရစ်ပတ်ဖွဲ့နှောင်လေသော မေတ္တာနှောင်ကြိုးသည်ကား ပြတ်ရိုးထုံးစံ မရှိပေတကား....။ ဤသည်ကား ခိုင်မြဲသော မေတ္တာနှောင်ကြိုးပေတည်း။

ထိုသို့ဆိုလျှင် ဗြိတိန်နိုင်ငံမှ ဒေါက်တာဂါရီတို့ဇနီးမောင်နှံနှင့် သူတို့၏ ချစ်လှစွာသော သမီးလေးတို့အကြား ရစ်ပတ်ဖွဲ့နှောင်ထားသော မေတ္တာနှောင်ကြိုးကို နိုင်ငံတကာ ဖြစ်ရပ်မှန်မှုခင်း ရှုထောင့်မှ စေ့ငုတင်ပြရပါသော်....။

နေထိုင်

ဒေါက်တာဂါရီဆိုသူကား တခြားမဟုတ်။ မက်ဒီလင်းမက်ကိန်း၏ဖခင် အထူးကုဆရာဝန်ကြီး တစ်ဦးပင်ဖြစ်၏။ သူ၏ဇနီးသည်ကား ကိတ်မက်ကိန်းမည်၏။ သူတို့မိသားစုသည် လန်ဒန်မြို့၌ လူချမ်းသာ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုတွင် နေထိုင်ကြသည်။

အလွန်ချစ်

မစ္စတာဂါရီနှင့် ကိတ်မက်ကိန်းတို့မှာ သမီးလေး မက်ဒီလင်းမက်ကိန်းတစ်ဦးသာ သားသမီးထွန်းကားခဲ့သည်။ တစ်ဦးတည်းသော သမီးလေးဖြစ်ခြင်းကြောင့်ပင် မိဘများက အလွန်ချစ်ရှာကြသည်။ သမီးလေး မက်ဒီလင်းမက်ကိန်းသည် နှစ်နှစ်အရွယ်သာ ရှိသေးသည်။ တွတ်တီးတွတ်တာစကားပြောတတ်စ၊ လမ်းလျှောက်သင်စအရွယ်ဖြစ်၍ အဘိုးအဘွားတို့ကလည်းချစ်၊ ဦးလေးနှင့်အန်တီတို့ကလည်း ချစ် အားလုံးက ဝိုင်းအုံချစ်ကြရသည်။ ဖခင်ဖြစ်သူ မစ္စတာဂါရီနှင့် မိခင်ဖြစ်သူ ကိတ်မက်ကိန်းတို့မှာလည်း တစ်ဦးတည်းသော သမီးလေးဖြစ်၍ သမီးသာလျှင် သူတို့ဘဝ၊ သမီးသာလျှင် သူတို့၏ အနာဂတ် ဖြစ်ခဲ့ရသည်။

ဒေါက်တာဂါရီနှင့် ဇနီးကိတ်မက်ကိန်း။

သို့သော် ထိုသမီးလေးသည်ကား သူတို့နှင့်ဝေးရာသို့ ကျောခိုင်းသွားခဲ့သည်မှာ နှစ်နှစ်ပင် ကြာခဲ့ပါပြီကော။ သူတို့ဇနီးမောင်နှံသည် သမီးလေး မက်ဒီလင်းမက်ကိန်းအား ပြန်တွေ့လိမ့်နိုးနိုးဖြင့် လိုက်လံရှာခဲ့သည်မှာ မြို့အနှံ့၊ နယ်အနှံ့ ရောက်ခဲ့ပြီ။ သို့သော် သမီးလေးကိုကား ရှာမတွေ့ပြီ။

အမှုဖွင့်

သမီးလေး မက်ဒီလင်းမက်ကိန်းသည် လွန်ခဲ့သော နှစ်နှစ်က မိဘများနှင့်အတူ ပေါ်တူဂီနိုင်ငံသို့ မိသားစု အားလပ်ရက်ထွက်ရင်း စားသောက်ဆိုင်တစ်ဆိုင်အနီး ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဒေါက်တာဂါရီနှင့် ကိတ်မက်ကိန်းတို့သည် သမီးလေး မက်ဒီလင်း မက်ကိန်း ပျောက်လျှင် ပျောက်ချင်း သက်ဆိုင်ရာရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ လူကိုယ်တိုင်လည်း ပေါ်တူဂီနိုင်ငံအတွင်း မြို့တကာ၊ နယ်တကာ လိုက်လံရှာဖွေခဲ့သည်။ သို့သော် ယနေ့တိုင် မတွေ့ရှိခဲ့ပေ။

သောကဖိစီး

ထိုစဉ်ကမိခင်ဖြစ်သူ ကိတ်မက်ကိန်းသည် နေ့စဉ်နှင့်အမျှမျက်ရည်နှင့် ဖြစ်ခဲ့ပြီး စားမဝင်အိပ်မပျော်ဖြစ်ခဲ့ရသည်။ သမီးလေးအား သတိရလွမ်းသည့် စိတ်ဖြင့် တစ်ချိန်လုံး သောကဖိစီးခဲ့ရသည်။

ပေါ်မလာ

ဖခင်ဖြစ်သူ ဒေါက်တာဂါရီမှာလည်း သမီးလေးအား နေ့စဉ်နှင့်အမျှ လွမ်းဆွေးတမ်းတနေခဲ့သည်။ သမီးအား လွမ်းသည့် စိတ်မှာ ဝေဒနာတစ်ရပ်လို ခံစားလာရသည်။ သေသောသူ ကြာရင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့ဆိုသည့် စကားအတိုင်း တစ်နေ့ ပေါ်လာနိုးနိုး မျှော်လင့်စောင့်စားနေခဲ့သည်။ သို့သော် သမီးလေးသည်ကား ပေါ်မလာ တော့ပေ။

မျှော်မှန်းမတွေ့နိုင်

သမီးလေး မက်ဒီလင်းမက်ကိန်း **(ယာပုံ)**သည်ကား လူ့ဘဝကို ကျောခိုင်းသွားခဲ့ပြီလား၊ အသက်ရှင်လျက် ဘယ်ဆီဘယ်ဝယ်သို့ ရောက်နေပါလိမ့် မျှော်မှန်းမတွေ့နိုင်ပြီ။ သောကပဋိဒေဝမီးများ တဟုန်းဟုန်း တောက်လောင်နေသည်။ ထိုသောကမီး တောက်လောင်နေသည်မှာကား နှစ်နှစ်ပင် ကြာခဲ့လေပြီ။

လိုက်လံရှာဖွေ

ဒေါက်တာဂါရီနှင့် ဇနီးဖြစ်သူတို့သည် ၂၀၀၉ခုနှစ် စက်တင်ဘာလကုန်ပိုင်းက ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့သို့ နောက်တစ်ကြိမ်သွားရောက်ခဲ့ပြီး သမီးလေးပျောက်ဆုံးသွားသည့်နေရာနှင့် အခြားဒေသများသို့ နေရာအနှံ့ လိုက်လံရှာဖွေခဲ့ပြန်သည်။ သူတို့သည် နောက်ဆုံးသမီးလေးအား မတွေ့သည့် အဆုံး သတင်းထောက်များနှင့် တွေ့ဆုံပြီး သူတို့၏ ခံစားချက်များကို ရှင်းပြသည်။ သတင်းမီဒီယာများမှတစ်ဆင့် သမီးလေးအား ဝိုင်းဝန်းရှာပေးကြပါရန် မေတ္တာရပ်ခံ စကားဆိုခဲ့သည်။

ထိန်းသိမ်းစောင့်ကြည့်

ဤဖြစ်ရပ်မှန်မှုခင်းကို ဖတ်ရှုရခြင်းဖြင့် မိဘနှင့် သားသမီးတို့အကြား ချည်နှောင်ရစ်ဖွဲ့နေသော မေတ္တာနှောင်ကြိုးသည် ဖြတ်တောက်ရန်ခက်ခဲပုံ၊ လူနေထူထပ်သည့် မြို့ကြီးပြကြီးများတွင် ခရီးသွားသည့်အခါ မိမိတို့၏ ရင်သွေးငယ်များအား ဂရုတစိုက် ထိန်းသိမ်းစောင့်ကြည့် ခေါ်ယူသွားသင့်ပုံ စသည့် ဘဝအသိ ဘဝသင်ခန်းစာများကို ရရှိမည်ဖြစ်ပါကြောင်း။ ။

ကိုးကား - အင်တာနက်

မြင့်မောင်စိုး စုစည်းသည်

မိဘနှင့် သားသမီးတို့အကြား ချည်နှောင်ရစ်ဖွဲ့နေသော မေတ္တာနှောင်ကြိုးသည် ဖြတ်တောက်ရန်ခက်ခဲပုံ၊ လူနေထူထပ်သည့် မြို့ကြီးပြကြီးများတွင် ခရီးသွားသည့်အခါ မိမိတို့၏ကလေးများအား မပျောက်အောင် ဂရုတစိုက် ထိန်းသိမ်းစောင့်ကြည့် ခေါ်ယူသွားသင့်ပုံ စသည့် ဘဝအသိ ဘဝသင်ခန်းစာများကိုရရှိ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Centre ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား (The Opening Ceremony of The 6th China-ASEAN Expo) သို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E. Mr. Li Keqiang၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် *စာမျက်နှာ ၉ ကော်လံ ၆* ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ **Nanning International Convention and Exhibition Centre** ၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။